ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (4-8-2004) (၄၁၁၅)

အရိယ သစ္စာန ဒဿနံ တေ မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ရာသီဥတုခန့်မှန်းချက် (ရာနှုန်းပြည့်မိုး)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိမိတို့နိုင်ငံ၌ ကလေးသူငယ်များအားလုံး စစ်မှုထမ်းခြင်းမှ ကာကွယ်ထားသည့် ဥပဒေနှင့်အမိန့်များရှိပြီးဖြစ် အဓမ္မစစ်မှုထမ်းအဖြစ် စုဆောင်းမှုများရှိခဲ့လျှင်လည်း ဖိဖိစီးစီးကြပ်မတ်အရေးယူမှုများ ပြုလုပ်လျက်ရှိ သို့ရာတွင် အမြင်မကြည်လင်သောအင်အားစုများက ပုံကြီးချဲ့စွပ်စွဲမှုများ အမျိုးမျိုးဆက်လက်ပြုလုပ်နေ

ရန်ကုန် ဩဂုတ် ၃

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးချုပ်ငွေသိန်းနှင့် တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ▲

အရှေ့တောင်အာရှပြိုင်ပွဲနှင့် အာရှဖိတ်ခေါ်ပြိုင်ပွဲများတွင် အောင်ပွဲရ မြန်မာဂျူဒိုအဖွဲ့အား ရန်ကုန်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၁၁နာရီတွင် ၂၀၀၄ခုနှစ် ဇူလိုင် ၂၅ရက်မှ ဩဂုတ် ၂ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် အရှေ့တောင်အာရှ ဂျူဒိုပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အာရှဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး အရှေ့တောင်အာရှပြိုင်ပွဲတွင် ရွှေ(၃)၊ ငွေ(၂)၊ ကြေး(၁)နှင့် အာရှဖိတ်ခေါ်ပြိုင်ပွဲတွင် ရွှေ(၁)၊ ငွေ(၃)၊ ကြေး(၁) စုစုပေါင်း ရွှေလေးခု၊ ငွေငါးခုနှင့် ကြေးနှစ်ခု ရရှိခဲ့သော မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်အမှုဆောင် ဒုတိယဗိုလ်မှူးကြီးစောရွှေ (ကာကွယ်ရေးဝန်ကြီးဌာန) ခေါင်းဆောင်သော အောင်ပွဲရ မြန်မာဂျူဒိုအားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၄-၈-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဆက်လက်ကြိုးပမ်းထမ်းရွက်

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိသည်။ အဆိုပါ တိုးတက်ပြောင်းလဲမှုများသည် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်တွင်သာ ရပ်တည်မနေဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး၊ ယဉ်ကျေးမှုစသည့် အခြားသော ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်အသီးသီးကိုပါ တွင်ကျယ်စွာ လွှမ်းမိုးကြီးစိုးလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုအလျဉ်တွင် အမီလိုက်ပါနိုင်ရေးသာမက အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် လွတ်လပ်စွာ ရှင်သန်ဖွံ့ဖြိုးစေရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံ၏ အနာဂတ်ကို အမျိုးသားရေး အကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေး အားထုတ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန် နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းသွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကြေညာချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ အနာဂတ်ကို အမျိုးသားရေး အနှစ်သာရများနှင့် ဆီလျော်ညီညွတ်စွာ ဖြစ်ထွန်းလာရေး ပုံဖော်ကြရာတွင် ပညာရေးကဏ္ဍသည် ပဓာနကျသည်။ အနာဂတ်ကာလတွင် နိုင်ငံတော် အကျိုးပြု အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ပေါ်လာရေးအတွက် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးရာတွင် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာဆရာ၊ ဆရာမများ၏ ကြိုးပမ်းစွမ်းဆောင်မှု အခန်းကဏ္ဍသည် အရေးပါလှပေသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းများကို အလေးထားဖွင့်လှစ်၍ နိုင်ငံတော်၏ ပကတိ အခြေအနေမှန်များ၊ ရှေ့အနာဂတ်အလားအလာများ၊ နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မျှော်မှန်းချက်များ၊ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဆက်ဆံရေးအခြေအနေများကို ပိုမိုသိရှိသဘောပေါက်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်း အခမ်းအနားကို ဩဂုတ်လ ၂ ရက်နေ့က ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ပညာရေးကဏ္ဍနှင့် စပ်လျဉ်းပြီး အမှာစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရအောင် ထိန်းသိမ်းစောင့်ရှောက်မြင့်တင်ပေးနိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြရန်** မှာကြားသွားသည်။

နိုင်ငံတော်အစိုးရသည် မိမိနိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွားရေး၊ ခေတ်မီဖွံ့ဖြိုးရေးနှင့် ယခင်ခေတ်ကာလများက အနိဋ္ဌာရုံအမွေဆိုးများ ပပျောက်စေရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်ရင်း မျက်မှောက်ကာလ၌ Globalization ခေါ်သည့် တစ်ကမ္ဘာလုံးဆက်စပ်ယှက်နွယ် ဖြစ်ပေါ်နေမှုအရ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာကို တံခါးဖွင့်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့သော အချိန်အခါတွင် ကမ္ဘာ့မိသားစုအတွင်း ပြန်ဝင်ရန် အားပေးဖိတ်ခေါ်ရမည့်အစား နိုင်ငံရေးအကြောင်းပြချက်သက်သက်ဖြင့် အထီးကျန်ဖြစ်စေရန် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံကြီးများက ဖိအားပေးလုပ်ဆောင်နေကြသည်။ မည်သို့ပင်ဖြစ်စေကာမူ မြန်မာနိုင်ငံအနေဖြင့် ပြည်သူတို့၏လိုအင်ဆန္ဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန် တစိုက်မတ်မတ် ကြိုးပမ်းသွားမည်သာဖြစ်ပေသည်။

သို့ဖြစ်ရာ တက္ကသိုလ်ဆရာ၊ ဆရာမများ အပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် ဆက်လက်ပါဝင်ကြိုးပမ်း ထမ်းရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်အောင်မင်းခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံ၌ရထားလုပ်ငန်းများလေ့လာခဲ့ပြီးပြန်လည်ရောက်ရှိ နှစ်နိုင်ငံမီးရထားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ ရေးထိုးခဲ့

ရန်ကုန် ဩဂုတ် ၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ၏ ရထားလုပ်ငန်းများကို လေ့လာခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့်

ဦးဖေသန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ Counsellor, Mr. Rahul Kulshreshth၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အောက်ရှိ ဖြစ်ကြသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီ၊ မြန်မာ့မီးရထား အထွေထွေ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့်အတူ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ မန်နေဂျာ(စက်မှု/လျှပ်စစ်) ဦးစိုးဝင်း၊ အထွေထွေမန်နေဂျာ(မြို့ပြ) ဦးသီဟန်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲမြင့်နှင့် မြန်မာ့မီးရထား လက်ထောက်အထွေထွေမန်နေဂျာ (ဆက်သွယ်ရေး) ဦးဘမြင့်တို့ ပြန်လည်လိုက်ပါလာကြသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ၌ရှိနေစဉ် ဇူလိုင်၂၇ရက် နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ မီးရထားဝန်ကြီးဌာနသို့ သွားရောက်၍ ဒုတိယဝန်ကြီး Mr.R.Velu အားတွေ့ဆုံပြီး နှစ်နိုင်ငံရထားပို့ဆောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် နှစ်နိုင်ငံ မီးရထားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန် Mrs. Mitra Vasisht တို့ကလည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ပေးမည့် ချေးငွေ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၃၅၈သန်းကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီနှင့် Exim Bank မှ တာဝန်ရှိသူတို့သည် လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

(သတင်းစဉ်)

မစ္စ အာဆီယံမြန်မာ ရွေးချယ်ရေး တတိယအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၃

အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ ၂၀၀၅ ခုနှစ် မတ်လတွင် ကျင်းပမည့် Miss ASEAN Culture 2005 အတွက်မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်မည့် Miss ASEAN Culture Myanmar ရွေးချယ်ရေး တတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ Miss ASEAN Culture Myanmar ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားရာတွင် Miss ASEAN Culture Myanmar ပြိုင်ပွဲသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ စိတ်ပါဝင်စားသူ အမျိုးသမီးများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း၊ ယခုပြိုင်ပွဲသည် သာမန်ပြိုင်ပွဲမျိုးမဟုတ်ဘဲ အာဆီယံနိုင်ငံများအတွင်း နိုင်ငံတော်ကိုယ်စားပြု ယှဉ်ပြိုင်ရမည့်ပွဲ ဖြစ်သည့်အတွက် အရေးကြီးကြောင်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် ထူးချွန်ထက်မြက်ဗဟုသုတကြွယ်ဝပြီး ဖြတ်ထိုးဉာဏ်နှင့် ပြည့်စုံသူ၊ အင်္ဂလိပ်စာ တတ်ကျွမ်းပြီး အခြေခံကောင်းသူကို ရွေးချယ်ရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြိုင်ပွဲကျင်းပမည့်ရက်ကို ၂၀၀၅ခုနှစ် မတ်လသို့ ရွှေ့ပြောင်းသွားသည့်အတွက် ပြိုင်ပွဲဝင် လျှောက်လွှာ ပိတ်ရက်ကို ရက်တိုးပြီး ၂၀၀၄ ခုနှစ် အောက်တိုဘာ ၈ ရက်သို့ ပြောင်းရွှေ့လက်ခံသွားမည်ဖြစ်ကြောင်းပြောကြားသည်။ ထို့နောက် ဘဏ္ဍာရေး၊ ပြန်ကြားရေး၊ လုံခြုံရေးနှင့် အထွေထွေ ကိစ္စများကို ဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဒေသအကျိုး သယ်ပိုးမြန်မာ

☆ အာဆီယံ ဘင်းမ်စတက်
ချိတ်ဆက်တဲ့မြေမျက်နှာ
ဒို့မြန်မာပြည်ကြီး
ထီးထီးကြီးတည်နေတာ။

☆ အာဆီယံအသင်းမှာ
ဒို့မြန်မာပါသလိုပဲ၊
ဘင်းမ်စတက်ထဲကြည့်လိုက်လျှင်
အသင်းဝင်ပါလျက်ပဲ။

☆ ဤအရာအားလုံး
ပေါင်းရုံး၍ကြည့်လိုက်ပါ
သင်းနှစ်သင်းဆက်ဆံရာ
မြန်မာဟာအဓိက၊
မြန်မာကိုမဏ္ဍိုင်ပြု
ရှေးရှုမည်ပ။

☆ အာဆီယံ ဘင်းမ်စတက်
ဂဟေဆက်ကျိုးပြုမည်
မြန်ပြည်ရဲ့စိတ်စွဲ
မခြားရည်တူပ
စိတ်ထားဖြူမြန်မာများရဲ့
ရှေ့တူရှုသွားရာလမ်းနဲ့
ရည်မှန်းရာခရီးပေါက်
ရောက်လိမ့်မလွဲ။ ။

မေရု

အီရတ်ဆိုင်ရာ ကန်ထရိုက်လုပ်ငန်းများတွင် အမေရိကန်တာဝန်ရှိသူများ ငွေကြေးမသမာမှုပြုလုပ်ဟုဆို

ဝါရှင်တန် ဩဂုတ် ၁

အီရတ်နိုင်ငံတွင် အမေရိကန်အခွန်ထမ်းပြည်သူများ၏ ရန်ပုံငွေများနှင့် အီရတ်ပြည်သူလူထု၏ ရန်ပုံငွေများကို အသုံးပြု၍ အကောင်အထည်ဖော်မည့် ကန်ထရိုက်လုပ်ငန်းများအတွက် ခွဲဝေချထားပေးသောငွေကြေးများကို မသမာမှုပြုလုပ်ထားခြင်းနှင့် အလွဲသုံးစားပြုလုပ်ထားခြင်းနှင့်ပတ်သက်၍ အထောက်အထားများ တွေ့ရှိထားကြောင်း အမေရိကန်စုံစမ်းစစ်ဆေးရေးမှူးများက သောကြာနေ့တွင် ပြောကြားသည်။

- တင်ပြ -

အမေရိကန် ဦးဆောင်သော တပ်ဖွဲ့က ဇွန်လတွင်ဖျက်သိမ်းခဲ့သော ယာယီ ညွန့်ပေါင်းအုပ်ချုပ်ရေးအဖွဲ့ (စီပီအေ) အောက်ရှိ စာရင်းစစ်ဆေးရေးမှူးချုပ်ရုံးက ကွန်ဂရက်လွှတ်တော်ထံ တင်ပြသည့် အစီရင်ခံစာတွင် အီရတ်ကန်ထရိုက်လုပ်ငန်းများတွင် ငွေကြေးအလွဲသုံးစားပြုလုပ်မှုနှင့် ပတ်သက်၍ ရာဇဝတ်ပြစ်မှုထိုက်သော အမှု ၆၉ မှု ရှိခဲ့ကြောင်း၊ ယင်းအမှုများအနက် ၄၂မှုကို ပိတ်သိမ်းခဲ့ပြီး ၂၇ မှုကို ယခုထက်တိုင်အောင် ဆက်လက်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း ဖော်ပြထားသည်။

အမှုတစ်မှုမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၂သန်းတန်ဖိုးရှိ လုံခြုံရေးဆိုင်ရာ ကန်ထရိုက်ချပေးသည့် လုပ်ငန်းစဉ်တွင် စီပီအေမှ အမည်မဖော်သော အထက်တန်းအကြံပေး အရာရှိတစ်ဦးသည် အလွဲသုံးစားပြုလုပ်ထားသည်ကို တွေ့ရှိရကြောင်း၊ ယင်းကန်ထရိုက် သဘောတူညီချက်ကို ပြန်လည်ပယ်ဖျက်လိုက်ပြီး ကန်ထရိုက်လုပ်ငန်းရှင်ထံ ကြိုတင်ပေးထားသော အမေရိကန် ဒေါ်လာ ၂ ဒသမ ၃သန်းကို ပြန်လည်သိမ်းဆည်းခဲ့ကြောင်း၊ အဆိုပါ အကြံပေးအရာရှိကိုလည်း ရာထူးမှ ဖယ်ရှားလိုက်ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

- ပျောက်ဆုံး -

အခြားသောအမှုတစ်မှုမှာ အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက အမေရိကန်ကာကွယ်ရေးဌာနမှအရပ်သားဝန်ထမ်းတစ်ဦးကို အီရတ်အပျော်တမ်း အားကစားအသင်းတစ်သင်း၏ နည်းပြအဖြစ် ခန့်အပ်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ ဝန်ထမ်းသည် အမေရိကန်ဒေါ်လာ ၄၀၀၀၀ကို ကြိုတင်ငွေအဖြစ်ရယူခဲ့ပြီး ၎င်း၏ လက်ထောက်ဖြစ်သူကငွေကြေးအချို့ကို လောင်းကစား လုပ်ခဲ့ကာ ငွေကြေးအချို့ ပျောက်ဆုံးခဲ့ကြောင်း၊ ယင်းကဲ့သို့ ငွေကြေးဆုံးရှုံးရမှုများကို တရားဝင်ဆုံးရှုံးရမှုအဖြစ် သတ်မှတ်ခဲ့ပြီး ယင်းအမှုကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ

ဩဂုတ် ၁ရက်က အီရတ်နိုင်ငံ အလယ်ပိုင်းဒေသတွင် ကင်းလှည့်ပျံသန်းနေသည့် အမေရိကန် ဘလက်ခ်ဟော့ခ် ရဟတ်ယာဉ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသူကင်ညာသုံးဦး ပြန်လွတ်လာပြီဟု နိုင်ငံခြားရေးဝန်ကြီးကြေညာ

နိုင်ရိုဘီ ဩဂုတ် ၂

အခြားသောဓားစာခံလေးဦးနှင့်အတူ အီရတ်၌ ၁၁ရက်ကြာ ဖမ်းဆီးခံခဲ့ရသော ကင်ညာဓားစာခံသုံးဦးမှာ လွတ်မြောက်လာပြီဖြစ်ကြောင်း ကင်ညာနိုင်ငံခြားရေးဝန်ကြီး ချီရောအလီအမ်ဝါဝဲယာက နိုင်ရိုဘီမြို့တွင် တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။ သို့သော် ဓားစာခံခုနစ်ဦးစလုံး၏ အလုပ်ရှင်ကုမ္ပဏီနှင့် အီရတ်စေ့စပ်ရေးမှူးတို့ကမူ မလွတ်သေးဟုဆိုသည်။

အီရတ်နိုင်ငံ၌ ဓားစာခံအဖြစ် ၁၁ရက်ကြာဖမ်းဆီးခံခဲ့ရပြီးနောက် ကင်ညာဓားစာခံသုံးဦး လွတ်မြောက်လာကြပြီဖြစ်ကြောင်း ကြေညာရသည်မှာ ဝမ်းမြောက်စရာ ကောင်းသည်ဟု ကင်ညာနိုင်ငံခြားရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကူဝိတ်နိုင်ငံတွင် အီရတ်ကြားဝင်စေ့စပ်ပေးသူနှင့် မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိများ အကြိတ်အနယ် ညှိနှိုင်းပြီးနောက် ဓားစာခံသုံးဦးတို့ လွတ်လာရခြင်းဖြစ်သည်ဟုဆိုသည်။ ယခုအခါ ဘဂ္ဂဒက်မြို့ရှိ အီဂျစ်သံရုံးတွင် ရောက်ရှိနေပြီဟုလည်း ၎င်းက ပြောကြားလိုက်သည်။

ဖမ်းဆီးခံထားရသော ကင်ညာဓားစာခံများမှာ ကျန်းမာလျက်ရှိပြီး နေအိမ်ပြန်လာရန်အသင့်ရှိကြောင်း ၎င်းကပြောကြားသည်။

သို့သော် ဓားစာခံများ လွတ်လာရေးကြားဝင် ညှိနှိုင်းပေးသည့် အီရတ်လူမျိုးစုခေါင်းဆောင်ကမူ ကင်ညာဓားစာခံများလွတ်မြောက်လာပြီ ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း ငြင်းဆိုသည်။ ***အင်တာနက်။***

ပေါက်ကွဲ

ဩဂုတ် ၁ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ရှိ ကရာဒါဒေသတွင် ပေါက်ကွဲမှုကြောင့် မီးခိုးလုံးကြီးများ တက်လာနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

တူရကီဓားစာခံတစ်ဦး နေအိမ်သို့ ပြန်လည်ရောက်ရှိ အီရတ်သို့မည်သည့်အခါမျှ သွားတော့မည်မဟုတ်ဟုကတိပေးခဲ့

အစ္စတန်ဘူ ဩဂုတ် ၁

အီရတ်နိုင်ငံတွင် ၁၂ရက်ကြာ ဓားစာခံအဖြစ် ဖမ်းထားခံရသည့် တူရကီနိုင်ငံသား ကုန်တင်ထရပ်ကားမောင်းသူတစ်ဦးသည် အီရတ်နိုင်ငံသို့ မည်သည့်အခါမှ ပြန်လာမည်မဟုတ်ကြောင်း ကတိကဝတ်ပေးခဲ့ပြီးနောက် ပြန်ပေးသမားများက ပြန်လွှတ်ပေးရာ တူရကီနိုင်ငံ အရှေ့တောင်ပိုင်းရှိ ၎င်း၏ နေအိမ်သို့ ပြန်လည်ရောက်ရှိလာကြောင်း စီအင်အင် ရုပ်မြင်သံကြားသတင်းဌာနက စနေနေ့က ဖော်ပြလိုက်သည်။

မောင်းနှင်

တူရကီနိုင်ငံသား မီမက်ဒါယာသည် အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ရှိအမေရိကန် တပ်ဖွဲ့ဝင်များအတွက် ပို့ပေးရန်လောင်စာဆီတင် ကုန်တင်ထရပ်ကားကို မောင်းနှင်ခဲ့ပြီး ယာဉ်တန်းတစ်ခုတွင် လိုက်ပါလာခဲ့ရာမှ ယခုကဲ့သို့ ပြောက်ကျားများ၏ အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

ယင်းအချိန်တွင်ပင် တူရကီနိုင်ငံသား ကားမောင်းသူတစ်ဦးဖြစ်သည့် အဗ္ဗဒူဆယ်လီဘာရစ်အားပြောက်ကျားများက သတ်ဖြတ်ခဲ့ကြောင်း စီအင်အင် ရုပ်မြင်သတင်းဌာနက ပြောကြားသည်။

သတင်းမေး

ဓားစာခံအဖြစ်မှ လွတ်မြောက်လာခဲ့သူ ဒါယာ၏ ဆွေမျိုးသားချင်းများက အီရတ်နယ်စပ်အနီးရှိ စီဇာဒေသရှိ နေအိမ်သို့ လာရောက်သတင်းမေးကြပုံကို ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသသည်။

သယ်ဆောင်

အီရတ်နိုင်ငံတွင် ပြောက်ကျားများက သတ်ဖြတ်ခဲ့သည့် တူရကီယာဉ်မောင်း နောက်တစ်ဦး၏ ရုပ်အလောင်းကို တူရကီနိုင်ငံသို့ ယခုရက်သတ္တပတ်က ပြန်လည် သယ်ဆောင်ခဲ့သည်။ ၎င်းသည် စီမယ်အူဂါဖြစ်ပြီး အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များထံသို့ ပစ္စည်းများပို့ရာတွင် ဘဂ္ဂဒက်မြို့ပြင်တွင် ခုခံရေးသမားများက သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်ဟု စီမယ်အူဂါ၏ အစ်ကိုဖြစ်သူကရိုက်တာသတင်းဌာနအား ပြောကြားသည်။ ၎င်းသည် နှစ်လကျော်ကြာ ပျောက်ဆုံး နေခဲ့ခြင်းဖြစ်သည်။

ပြန်ပေးဆွဲ

ဧပြီလနောက်ပိုင်းမှစတင်၍ တူရကီ ကုန်တင်ထရပ်ကားမောင်းသူ အများအပြားနှင့် ဆောက်လုပ်ရေးလုပ်သားများအပါအဝင်အီရတ်နိုင်ငံတွင် ပြည်ပနိုင်ငံသားအများအပြား ပြောက်ကျားများ၏ ပြန်ပေးဆွဲမှုခံနေရသည်။ ပြောက်ကျားများက အချို့ဓားစာခံများကို ဖမ်းဆီးရာမှ လွှတ်ပေးပြီး အချို့အားသတ်ဖြတ်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင်သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၉၁၂ဦးရှိ

ဘဂ္ဂဒက် ဩဂုတ် ၃

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက ၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်မှစတင်ပြီး ဝင်ရောက် ကျူးကျော် တိုက်ခိုက်ခဲ့ကြချိန်မှစ၍ ၂၀၀၄ ခုနှစ် ဩဂုတ် ၂ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၉၁၂ဦး ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာသည်။

ယင်းအနက် ၆၇၇ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၃၅ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။ အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၀ ဦး၊ အီတလီ ၁၈ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားခြောက်ဦးနှင့် ပိုလန်ခုနစ်ဦး၊ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။ **အင်တာနက်။**

ဖော်လူဂျာမြို့၌ တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွား အီရတ်ကိုးဦးသေဆုံးပြီး ၁၆ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၃၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏ အနောက်ဘက် ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်သမားများ ညပိုင်း၌ တိုက်ပွဲအပြင်းအထန် ဖြစ်ပွားရာ အနည်းဆုံး အီရတ်ကိုးဦး သေဆုံးခဲ့ပြီး ၁၆ဦး ဒဏ်ရာရရှိကြောင်း ဆရာဝန်တစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

တိုက်ပွဲပြီးဆုံးပြီးနောက် ဒဏ်ရာရသူများအနက် အချို့မှာ အခြေအနေ စိုးရိမ်ရကြောင်း ဖော်လူဂျာမြို့ ဆေးရုံကြီးမှ ဆရာဝန် အာမက်အဗ္ဗဒူလာက ပြောကြားသည်။ အဆိုပါ တိုက်ပွဲမှာ နာရီအနည်းငယ် ကြာမြင့်ကြောင်းနှင့် မြို့အရှေ့ပိုင်းရှိ နေအိမ်များနှင့် စက်ရုံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ဖော်လူဂျာ ဒေသခံများက ပြောကြားသည်။ စက်မှုဒေသတွင် အဓိကဖြစ်ပွားသည့် အဆိုပါတိုက်ပွဲတွင် လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း ဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များသည် အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဖော်လူဂျာမြို့အရှေ့ပိုင်းပစ်မှတ်တစ်ခုကို လေကြောင်းမှတိုက်ခိုက်ရန် အကူအညီတောင်းခံခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင်ပြောကြားခဲ့သည်။ အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန် စခန်းတစ်ခုအား စိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာများ၊ စက်သေနတ်များနှင့်လက်နက်များဖြင့်တိုက်ခိုက်ခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်များက တင့်ကားများ၊ အမြောက်ကြီးများဖြင့် တုံ့ပြန်တိုက်ခိုက်ခဲ့ကြောင်း၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်ရန် မလေးရှား မရည်ရွယ်ဟု ပြောကြား

လန်ကာဝီ(မလေးရှား) ဇူလိုင် ၃၁

အီရတ်နိုင်ငံသို့ စေလွှတ်မည့်မွတ်စလင်တပ်ဖွဲ့ ဖွဲ့စည်းလုနီးနီး ရောက်နေသည့် မွတ်စလင်နိုင်ငံအချို့တွင် မလေးရှားနိုင်ငံလည်း ပါဝင်သည်ဟု နိုင်ငံခြားသတင်းစာများ၌ အရိပ်အမြွက် ဖော်ပြလင့်ကစား မလေးရှားနိုင်ငံက အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရန် ရည်ရွယ်ချက်မရှိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

နိုင်ငံခြားသတင်းစာများ၏ သတင်းသည် မှန်ကန်မှုမရှိကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဒါတွတ်ဆီရီ ဆေယက်ဟာမစ်အယ်က ပြောကြားသည်။

အီရတ်နိုင်ငံသို့ စေလွှတ်မည့် မွတ်စလင်တပ်ဖွဲ့ကိစ္စကို ပါကစ္စတန်နိုင်ငံက ဆော်ဒီအာရေဗျနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အရိပ်အမြွက် ဖော်ပြထားသည့် နိုင်ငံခြားသတင်းစာမှ ဖော်ပြချက်နှင့် ပတ်သက်၍ မေးမြန်းရာတွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

အဆိုပြုတင်ပြထားသည့် တပ်ဖွဲ့၏ အစိတ်အပိုင်းအဖြစ် ပါဝင်မည်ဟု သတင်းတွင် ဖော်ပြပါရှိသည့် နိုင်ငံများထဲတွင် မလေးရှား၊ အယ်ဂျီးရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မော်ရိုကို၊ ယီမင်နှင့် ဘာရိန်းနိုင်ငံတို့ ပါဝင်သည်။

အီရတ်နိုင်ငံ၌ ပါဝင်လှုပ်ရှားမည့် မွတ်စလင်နိုင်ငံများ၏ တပ်ဖွဲ့ကိစ္စကို မလေးရှားနိုင်ငံက မသိရှိကြောင်း၊ မွတ်စလင်တစ်နိုင်ငံချင်းသည် နိုင်ငံစုံတပ်ဖွဲ့၌ ပါဝင်လှုပ်ရှားနိုင်ကြောင်း၊ ယင်းကိစ္စမှာ မွတ်စလင်တစ်နိုင်ငံချင်းစီက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ အီရတ်၌ ယင်းကဲ့သို့ တပ်ဖွဲ့ဖွဲ့စည်းရန် မည်သည့်မွတ်စလင်နိုင်ငံက ကြိုးပမ်းသည်ကို မသိရှိကြောင်း ဆေယက်ဟာမစ်က ပြောကြားသည်။

မလေးရှားနိုင်ငံ၏ လူသားချင်းစာနာထောက်ထားရေးလုပ်ငန်း ဆောင်ရွက်ရေးအတွက် ဆေးဘက်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည်ဟု ကတိကဝတ်ပြုထားကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ မိုဆူးလ်မြို့ရှိ ရဲစခန်းတစ်ခု ရှေ့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့်နေရာကို ဩဂုတ် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်ပတပ်ဖွဲ့များကြောင့် ရှေးဟောင်း ဘေဘီလုံမြို့ ပျက်စီး အမြန်ဆုံးထွက်ခွာရန် အီရတ်ယဉ်ကျေးမှုဝန်ကြီး ပြောကြား

ဘဂ္ဂဒက် ဩဂုတ် ၂

တစ်ချိန်က ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကြောင့် ကမ္ဘာကျော်ခဲ့ရသည့် နေရာတစ်နေရာဖြစ်သော ရှေးဟောင်းမြို့တော် ဘေဘီလုံသည် အီရတ်သို့ ရောက်ရှိနေသည့် ပြည်ပတပ်ဖွဲ့ဝင်များကြောင့် ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးနေပြီဖြစ်ရာ ယင်းဒေသမှ တပ်ဖွဲ့ဝင်များ အမြန်ဆုံးထွက်ခွာရန် လိုအပ်နေကြောင်း အီရတ်ယဉ်ကျေးမှုဝန်ကြီးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဘေဘီလုံမြို့တွင် အခြေစိုက်သည့် ပိုလန်ဦးဆောင်သော တပ်ဖွဲ့ဝင်များက အသုံးပြုသော လေးလံသည့် ပစ္စည်းပစ္စယများ၊ ရဟတ်ယာဉ်များနှင့် အခြားစက်ပစ္စည်းများကြောင့် ရှေးဟောင်းလက်ရာ အဆောက်အအုံမှာ မူလအခြေအနေသို့ ပြန်လည်ရောက်နိုင်ခြင်း မရှိသည့် ထိခိုက်ပျက်စီးမှုမျိုးဖြင့် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီး အယ်လ်ဂျာဇေရီက ပြောကြားသည်။

ယင်းတပ်ဖွဲ့တို့ အသုံးပြုကြသည့် လေးလံသည့် ပစ္စည်းများနှင့် ၎င်းတပ်ဖွဲ့ဝင်များ ရောက်ရှိနေမှုကြောင့် ယဉ်ကျေးမှုလက်ရာများ ပျက်စီးရန် အန္တရာယ်ကြီးလှပြီး ရဟတ်ယာဉ် အဆင်းအတက်မှာလည်း ပြဿနာတစ်ရပ်ဖြစ်နေကြောင်း ၎င်းက ပြောကြားသည်။

စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များ ယင်းဒေသတွင် ရှိနေမှုကြောင့် ထိခိုက်ပျက်စီးမှု မည်ရွေ့မည်မျှရှိသည်ကို မိမိတို့ မသိရှိသေးကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့၏ ကျွမ်းကျင်သူ ပုဂ္ဂိုလ်များအား ယင်းဒေသသို့ ဝင်ခွင့်မပြုသေးသောကြောင့်ဖြစ်ကြောင်း ဂျာဇေရီက ဆက်လက်ပြောကြားသည်။

ရှေးဟောင်းသုတေသနဆိုင်ရာ နေရာအများအပြားတွင် ထိခိုက်ပျက်စီးမှု ရှိနေပြီဆိုသော သတင်းများကို မိမိတို့ ရရှိထားကြောင်း၊ ယင်းနေရာများတွင် နင်မာ၊ နဘူးဘုရားကျောင်းများနှင့် နာမည်ကျော် နဘူချက်နက်ဇာနေရာတို့ ပါဝင်ကြောင်း အမည်နာမဖြင့် ဂျာဇေရီက ထုတ်ဖော်ပြောကြားသည်။

ဘေဘီလုံသည် ရှေးဟောင်း ဘေဘီလုံနီးယားနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့ပြီး စောစီးစွာ ပေါ်ထွန်းခဲ့သည့် မြို့ပြယဉ်ကျေးမှုဖြစ်ကာ ခရစ်တော်မပေါ်မီ ၁၈၀၀ မှ ခရစ်တော်မပေါ်မီ ၆၀၀ မတိုင်မီအထိ ထင်ရှားကျော်စောစွာ တည်ရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တူရကီ ယာဉ်မောင်းနှစ်ဦး အီရတ်တွင် ဓားစာခံအဖြစ် အဖမ်းခံရ

အစ္စတန်ဘူလ် ဩဂုတ် ၂

တူရကီနိုင်ငံမှ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများသည် အီရတ်တွင် သယ်ပို့လုပ်ငန်းများ ဆောင်ရွက်နေသည်။ ထိုလုပ်ငန်းများမှ ယာဉ်မောင်းနှစ်ဦးသည် ယာဉ်မောင်းတာဝန် ထမ်းဆောင်နေစဉ် ဓားစာခံအဖြစ် အဖမ်းခံခဲ့ရသည်။ ထိုယာဉ်မောင်းများ လွတ်မြောက်ရေးအတွက် မိမိတို့သည် အီရတ်တွင် လုပ်နေသော လုပ်ငန်းများကို ရပ်ဆိုင်းထားရန် အသင့်ပြင်ထားသည်ဟု တနင်္ဂနွေနေ့တွင် ထုတ်ဖော်ပြောကြားကြောင်း အနာတိုလီယာသတင်းဌာနက ထုတ်ပြန်သည်။

အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသော အဘူမူဆာအယ်လ်ဇာကာဝီနှင့် နီးစပ်မှုရှိသော ခုခံရေးအဖွဲ့တစ်ဖွဲ့က တူရကီယာဉ်မောင်းများကို ဖမ်းဆီးသွားကြခြင်းဖြစ်သည်။ အီရတ်တွင် လုပ်ကိုင်နေသော လုပ်ငန်းများကို လာမည့် ၄၈ နာရီအတွင်း မရပ်ဆိုင်းလျှင် ဖမ်းထားသော ဓားစာခံများကို ခေါင်းဖြတ် အဆုံးစီရင်ပစ်မည်ဟု ခြိမ်းခြောက်ထားသည်။ ထိုအချက်များကို အယ်လ်ဂျာဇီးယားသတင်းဌာနက လာမည့် စနေနေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပြင်ဆင်ထား

အဖမ်းခံထားရသူ ယာဉ်မောင်းနှစ်ဦးမှာ အဗ္ဗဒူလ်ရာမန်ဒီမီယာနှင့် စိတ်အူနူလူတို့ဖြစ်သည်။ ကုမ္ပဏီနှစ်ခု ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မိမိတို့အနေဖြင့် ဓားစာခံများ လွတ်မြောက်ရေးအတွက် လိုအပ်သမျှ လုပ်ဆောင်သွားရန် ပြင်ဆင်ထားကြောင်း ပြောကြားခဲ့သည်။

ယခုအခါ ယာဉ်မောင်းနှစ်ဦးစလုံး ဘေးမသီ ရန်မခဘဲ ပြန်လည်လွတ်မြောက်လာရေးမှာ အရေးကြီးကြောင်း ကုမ္ပဏီက ပြောကြားသည်။ နောက်ဆုံး သတ်မှတ်ထားသော အချိန်မကျရောက်မီ အဖြေတစ်ရပ် အလျင်အမြန် ပေါ်ထွက်ရန်လိုအပ်သည်ဟု ကုမ္ပဏီကိုယ်စားလှယ် အိုမာအောဇ်တပ်က ဆိုသည်။

စဉ်းစားထား

အီရတ်တွင် စစ်ပြီးကာလနောက်ပိုင်း အာဏာဟာကွက်ကြီး တစ်ရပ်ကို ဖြည့်ဆည်းပြီးသွားသည့် အချိန်ရောက်မှ လုပ်ငန်းပြန်စရန် မိမိတို့ စဉ်းစားထားကြောင်း အဆိုပါ ကိုယ်စားလှယ်က ဆိုသည်။

ဓားစာခံ အဖမ်းခံထားရသော ကုမ္ပဏီများမှာ တူရကီနိုင်ငံ တောင်ပိုင်းရှိမီရာဆင်မှ ကုမ္ပဏီများဖြစ်သည်။ ကုမ္ပဏီတစ်ခု၏ အမည်မှာ အေဇ်တာဖြစ်ပြီး အခြားတစ်ခု၏ အမည်မှာ ခါရာမန်လီဖြစ်သည်။

နေထိုင်

အဖမ်းခံထားရသူ ယာဉ်မောင်း အူနူအာလူ၏ မိသားစုမှာ တူရကီတောင်ပိုင်းရှိ အီရတ်နယ်ခြားနှင့် နီးသည့် မာဒစ်နှင့် ဒီမီအာဒေသများတွင် နေထိုင်ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

ပြသ

ပြီးခဲ့သော စနေနေ့က ပြသသွားသည့် အလ်ဂျာဇီးယား ရုပ်/သံသတင်းတွင် အဖမ်းခံထားရသူ နှစ်ဦး၏ ရုပ်ပုံများကို ပြသသွားသည်။ အလံနက်ပေါ်တွင် တော်ဟစ်ဒ်နှင့် ဂျီဟတ်အဖွဲ့ဟု ဖော်ပြထားသည်ကိုလည်း တွေ့ရသည်။ ထိုအဖွဲ့သည် ဇာကာဝီနှင့် ဆက်စပ်မှုရှိသည်ဟုဆိုသည်။ ဓားစာခံများကို အလုပ်ခန့်ထားသော ကုမ္ပဏီများသည် အီရတ်ရှိ အမေရိကန်များကို အထောက်အပံ့ ပေးနေသော လုပ်ရပ်များကို ရပ်ဆိုင်းခြင်း မရှိပါက အဖမ်းခံထားရသူ နှစ်ဦးကို ခေါင်းဖြတ်မည်ဖြစ်ကြောင်း ကြေညာသွားသည်။

ရည်ရွယ်

တိုက်ခိုက်ရေးသမား များသည် ဓားစာခံဖမ်းဆီးထားသော စစ်ဆင်ရေးတစ်ရပ်ကို ဆောင်ရွက်လျက်ရှိသည်။ အီရတ်တွင် လုပ်ကိုင်နေသော ကုမ္ပဏီများကို ထွက်ခွာသွားစေရန်၊ အမေရိကန်တပ်ဖွဲ့များကို အထောက်အပံ့ မရစေရန်နှင့် အီရတ်ကြားဖြတ်အစိုးရကို အနှောင့်အယှက်ပေးရန် ရည်ရွယ်ချက်တို့ရှိကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးရှိ အဘူဂါရိပ် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသော အီရတ်တို့ကို ဘတ်စ်ကားဖြင့် နေအိမ်များသို့ ဩဂုတ် ၁ ရက်က ပို့ဆောင်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် လုံခြုံရေး အခြေအနေ ဆိုးရွား

နိုင်ငံခြားသား အလုပ်သမားများ ဒုက္ခရောက်နေ

ဘဂ္ဂဒက် ဇူလိုင် ၃၁

ဆူဒန်နိုင်ငံမှ ဆင်းရဲနွမ်းပါးသူများသည် ၎င်းတို့၏ဘဝ မြင့်မားတိုးတက်ရေးအတွက် တက်လမ်းရှာဖွေနိုင်ရန် လွန်ခဲ့သည့် နှစ်အတန်ကြာကပင် အီရတ်နိုင်ငံသို့ လာရောက်ကာ အလုပ်လုပ်ကိုင်ခဲ့ကြသော်လည်း ယခုအခါ နိုင်ငံခြားသားများအား ဓားစာခံအဖြစ် ဖမ်းဆီးသည့်ဖြစ်ရပ်များ တစ်ခုပြီးတစ်ခု ဖြစ်နေသော အီရတ်နိုင်ငံတွင် ဘေးဒုက္ခများ တွေ့ကြုံနေကြရသည်။

ဆူဒန်နိုင်ငံသား အလုပ်သမား နှစ်ဦးသည် မကြာသေးမီရက်ပိုင်းက မြို့တော်ဘဂ္ဂဒက်ရှိ လမ်းတစ်လမ်းအတိုင်း လမ်းလျှောက်လာစဉ် လမ်းပေါ်မှ ဖြတ်သန်းမောင်းနှင်သွားသော မော်တော်ကားတစ်စီးကို လက်ပစ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့သည့်ဖြစ်ရပ်နှင့် တွေ့ကြုံရပြီး ဒဏ်ရာများရရှိခဲ့ကြသည်။

မိမိတို့သည် လုံခြုံရေးအခြေအနေ ဆိုးရွားနေသည့် အီရတ်နိုင်ငံတွင် ဆက်လက်နေထိုင်ကာ အလုပ်လုပ်ကိုင်လိုခြင်း မရှိတော့ကြောင်း ဆူဒန်နိုင်ငံသား တစ်ဦးက ဘဂ္ဂဒက်ရှိ ဆေးရုံတွင် ပြောကြားသည်။

အီရတ်နိုင်ငံတွင် ခေတ်ကောင်းစဉ်အခါကမူ ယင်းအလုပ်သမားများ၏ ဘဝမှာ သာယာစိုပြည်ခဲ့ပြီး မိသားစုထံ ငွေကြေးပို့နိုင်ခြင်း၊ အခါအားလျော်စွာ နေအိမ်သို့ ခေတ္တပြန်နိုင်ခြင်းတို့ ရှိခဲ့သည်။ ယနေ့ကာလတွင်မူ အီရတ်နိုင်ငံ၌ လုံခြုံရေးအခြေအနေ ဆိုးရွားလာနေခြင်းကြောင့် နိုင်ငံခြားသား အလုပ်သမားများမှာ ဒုက္ခရောက်နေကြရကြောင်း၊ ယင်းအလုပ်သမားများမှာ မိခင်နိုင်ငံသို့ ပြန်လိုကြသော်လည်း ပြန်နိုင်ရန် အခွင့်အလမ်းမရှိဘဲ ဖြစ်နေရကြောင်း သိရသည်။

အင်တာနက်။

အာရပ်တပ်ဖွဲ့ဝင်များ အီရတ်သို့ ဆောလျင်စွာ စေလွှတ်ရေး မဖြစ်နိုင်ကြောင်း အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူး မူဆာပြောကြား

ရီယာ့ဒ် ဩဂုတ် ၂

အာရပ်နှင့် အစ္စလမ္မစ်နိုင်ငံများက လောလောဆယ်အချိန်တွင် အီရတ်သို့ တပ်များစေလွှတ်ရန်ဆန္ဒမရှိကြောင်း အာရပ်အဖွဲ့ချုပ်အကြီးအကဲ မူဆာက တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

တွေ့ဆုံ

အီရတ်ရှိ အမေရိကန်ဦးဆောင်သည့် နိုင်ငံခြားတပ်များ၏ နေရာတွင် အစားထိုးရန် အီရတ်သို့ တပ်ဖွဲ့စေလွှတ်သင့်ကြောင်း အဆိုပြုသည့် ဆော်ဒီအာရေဗျခေါင်းဆောင်များနှင့် တွေ့ဆုံအပြီးတွင် အာရပ်အဖွဲ့ချုပ်အကြီးအကဲ မူဆာကအထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အဓိကဖြစ်

အာရပ်နှင့် အစ္စလမ္မစ်နိုင်ငံများ အနေဖြင့် အမှန်အားဖြင့် အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရန် ဆန္ဒမရှိကြောင်း၊ ယင်းမှာ တစ်နိုင်ငံချင်းစီ၏ အဆုံးအဖြတ်သာလျှင်အဓိကဖြစ်ကြောင်း ဖြင့် ပင်လယ်နီဆိပ်ကမ်းမြို့ ဂျက်ဒါတွင် ဆော်ဒီအာရေဗျ ခေါင်းဆောင်များနှင့် တွေ့ဆုံအပြီးမူဆာကပြောကြားကြောင်း အက်စ်ပီအေသတင်းဌာနက ကိုးကားဖော်ပြသည်။

ပြောကြား

ကုလသမဂ္ဂ၏ ထိန်းချုပ်မှုမှအပ အခြားသောနိုင်ငံ၏ စစ်ဌာနချုပ်အောက်တွင် မိမိတို့ တပ်ဖွဲ့များကို စေလွှတ်ထားရှိရေးမှာ အာရပ်နှင့် မွတ်စလင်နိုင်ငံတို့အဖို့ မဖြစ်နိုင်ကြောင်းဖြင့်လည်း မူဆာက ပြောကြားသည်။ ***အင်တာနက်။***

ဓားစာခံ ခုနစ်ဦး အဖမ်းခံရဆဲဟု ကူဝိတ်ကုမ္ပဏီ ပြောကြား

ကူဝိတ်စီးတီး ဩဂုတ် ၁

အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲခံရသည့် မိမိတို့ကုမ္ပဏီ၏ ထရပ်ကားမောင်းသူ ခုနစ်ဦးမှာ ဖမ်းဆီးခြင်း ခံနေရဆဲဖြစ်ကြောင်း ကူဝိတ်ကုမ္ပဏီတစ်ခုက ပြောကြားရာ အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည်ကင်ညာနိုင်ငံသားသုံးဦး အပါအဝင် ထရပ်ကားမောင်းသူများအား လွှတ်ပေးခဲ့သည်ဆိုသော စောစောပိုင်းက ထွက်ပေါ်လာခဲ့သည့် ကင်ညာနိုင်ငံမှ သတင်းများနှင့် ဖီလာဆန့်ကျင်ဖြစ်နေသည်။

အဆိုပါ ထရပ်ကားမောင်းသူများကို ပြန်လွှတ်ပေးခြင်း မရှိကြောင်း၊ ၎င်းတို့လွှတ်မြောက်ရေးအတွက် မိမိတို့စေ့စပ်ညှိနှိုင်းနေခြင်း မရှိကြောင်း ကူဝိတ်နှင့် ပင်လယ်ကွေ့ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ရာနာအဘူဇာနစ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

— ပြန်လွှတ်ပေး —

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် ကင်ညာနိုင်ငံသားသုံးဦး၊ အိန္ဒိယနိုင်ငံသားသုံးဦးနှင့် အီဂျစ်နိုင်ငံသားတစ်ဦးတို့ဖြစ်သည့် ဓားစာခံခုနစ်ဦးကို ပြန်လွှတ်ပေးလိုက်ကြောင်း ကင်ညာနိုင်ငံခြားရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ သို့ရာတွင် ဓားစာခံများ လွတ်မြောက်လာသည့်သတင်းကို အတည်ပြုချက်မရရှိသေးကြောင်း အိန္ဒိယနိုင်ငံက ပြောကြားသည်။ ***အင်တာနက်။***

အယ်လ်ဂျီးရီးယားက ဆော်ဒီ၏တိုက်တွန်းချက်ကို ဆန့်ကျင် အီရတ်သို့ မိမိ၏တပ်ဖွဲ့များ စေလွှတ်မည်မဟုတ်ဟုဆို

အယ်ဂျီးယာ့စ် ဩဂုတ် ၂

ဆော်ဒီအာရေဗျနိုင်ငံက မွတ်စလင်နိုင်ငံများမှ တပ်ဖွဲ့များ အီရတ်သို့စေလွှတ်ရန် အဆိုပြု တိုက်တွန်းခဲ့သည်။ ထိုအဆိုပြုချက်ကို မလိုလားသည့်အတွက် အယ်လ်ဂျီးရီးယားနိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်မည်မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ အယ်လ်ဂျီးရီးယားနိုင်ငံသည် မြောက်အာဖရိကရှိ မွတ်စလင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အယ်လ်ဂျီးရီးယားနိုင်ငံသည် မည်သည့်အခါမျှ ပြည်ပနိုင်ငံတစ်နိုင်ငံသို့ မိမိတပ်ဖွဲ့များကို စေလွှတ်ပေးခဲ့ဖူးခြင်း မရှိကြောင်း၊ သို့ဖြစ်၍ ယခုလည်း မိမိ၏တပ်ဖွဲ့များကို အီရတ်သို့ စေလွှတ်မည်မဟုတ်ကြောင်းဖြင့် နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒီလာဇီဘီလ်ခါဒမ်က ပြောကြားသည်။ အဆိုပါ သတင်းကို အယ်လ်ဂျီးယား၏ တရားဝင်သတင်းဌာနက တနင်္ဂနွေနေ့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကြိုဆို

အယ်လ်ဂျီးယာ့စ်လေဆိပ်သို့ ဆိုက်ရောက်လာသော ကုလသမဂ္ဂဆိုင်ရာ အထူးသံ လက်ဒါးဘရာဟီးမီးကို ကြိုဆိုအပြီးတွင် ဘီလ်ခါဒမ်က အထက်ပါစကားများကို ပြောကြားခြင်းဖြစ်သည်။ ဘရာဟီးမီးသည် ယခင်က အယ်လ်ဂျီးရီးယားသံတမန်ဟောင်းတစ်ဦးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ပျက်စီး

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်များကို ဩဂုတ် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့တပ်ဖွဲ့ဝင်များစေလွှတ်ရေး ဆော်ဒီအဆိုပြုချက် ကဒါဖီပယ်ချ

ထရီပိုလီ ဩဂုတ် ၂

အီရတ်နိုင်ငံသို့ အာရပ် သို့မဟုတ် မွတ်စလင်တပ်ဖွဲ့တစ်ဖွဲ့အား စေလွှတ်ရန် ဆော်ဒီအာရေဗျနိုင်ငံ၏ အဆိုပြုချက်ကို မိမိဆန့်ကျင်ကြောင်း လစ်ဗျားခေါင်းဆောင် ကဒါဖီက သောကြာနေ့က ပြောကြားလိုက်သည်။

အီရတ် သိမ်းပိုက်ရေးတပ်ဖွဲ့များ အီရတ်မှရုပ်သိမ်းပြီးကုလသမဂ္ဂက ခွင့်ပြုမှသာ အာရပ်သို့မဟုတ် မွတ်စလင်တပ်ဖွဲ့ကို အီရတ်သို့ စေလွှတ်သင့်ကြောင်း ကဒါဖီက ပြောကြားကြောင်း လစ်ဗျားနိုင်ငံပိုင် သတင်းဌာနက ဖော်ပြသည်။

သို့မဟုတ်ပါက အာရပ်နှင့် မွတ်စလင်တပ်ဖွဲ့များသည်လည်းသိမ်းပိုက်ရေးတပ်ဖွဲ့ ဖြစ်သွားလိမ့်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန် ဦးဆောင်သည့် နိုင်ငံစုံ တပ်ဖွဲ့၏ တစ်စိတ်တစ်ဒေသ အနေဖြင့် လည်းကောင်း၊ သို့မဟုတ်ပါက သီးခြားသော်လည်းကောင်း အီရတ်သို့ မွတ်စလင် တပ်ဖွဲ့ဝင်များ စေလွှတ်ပေးရန် ဆော်ဒီအာရေဗျ၏ အဆိုပြုချက်ကို ကြိုဆိုကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

အီရတ်နိုင်ငံမှ သဘောထားတင်းမာသည့် ရှီးယိုက်ခေါင်းဆောင် မိုတာဒါ အယ်လ်ဆာဒါနှင့် ဆွန်နီခေါင်းဆောင်များက ဆော်ဒီအာရေဗျ၏ အဆိုပြုချက်ကို သောကြာနေ့တွင် ပယ်ချခဲ့သည်။

အင်တာနက်။

အီရတ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် အပါချီတိုက်ခိုက်ရေး ရဟတ်ယာဉ်တစ်စင်းကို ဩဂုတ် ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မိုဆူးလ်ရဲစခန်းအပြင်ဘက်၌ အသေခံကားဗုံးဖောက်ခွဲမှုဖြစ်ပွား

မိုဆူးလ် (အီရတ်) ဩဂုတ် ၂

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ရှိ ရဲစခန်းအပြင်ဘက်တွင် တနင်္ဂနွေနေ့က အသေခံကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ အနည်းဆုံးလူငါးဦးသေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ဆရာဝန်များက ပြောကြားသည်။ တိုယိုတာလင့်ခရူဇာကားတစ်စီးသည် စစ်ဆေးရေးစခန်းသို့ အတင်းမောင်းနှင်လာစဉ် အစောင့်များက ပစ်ခတ်ခဲ့ရာ ကားပေါ်ပါလာသူ လေးဦးသေဆုံးခဲ့ပြီး ကားများလည်း ရဲစခန်းမှ ပေ ၆၀ အကွာတွင် ပေါက်ကွဲခဲ့သည်။

စောင့်ဆိုင်း

တိုယိုတာကားက အရှိန်ပြင်းပြင်းမောင်းနှင်လာချိန်တွင် မိမိသည် တက္ကစီကားတစ်စီးကို စောင့်ဆိုင်းနေကြောင်း၊ အစောင့်များက ကားမောင်းသူကို ပစ်သတ်ခဲ့သော်လည်း ကားမှာဆက်လက်သွားနေဆဲဖြစ်ကြောင်း၊ ယင်းနောက် ကားများလူအများရှေ့တွင်ပင်ပေါက်ကွဲခဲ့ကြောင်း အသက်(၃၂) နှစ်အရွယ်ရှိ အယ်လ်-ဟာဒီဒီက ပြောကြားသည်။

ရောထွေးနေ

သေဆုံးသူများမှာ ရဲအရာရှိများ ဖြစ်ကြောင်း အခင်းဖြစ်ပွားရာ၌ရှိနေသည့် အကြီးအကဲတစ်ဦးကပြောကြားသည်။ ဒဏ်ရာရသူများမှာရဲတပ်ဖွဲ့ဝင်များရော၊ အရပ်သားများပါ ရောထွေးနေသည်။

သေဆုံးသူမှာ ပိုမိုများပြားနိုင်သည်ဟု မျှော်လင့်ရကြောင်းနှင့် ဒဏ်ရာရသူ ၅၀ အနက် အများအပြားမှာ ဆိုးရွားစွာ ဒဏ်ရာရရှိကြောင်း ဆရာဝန်များက ပြောကြားသည်။

ယင်းကဲ့သို့ တိုက်ခိုက်မှုကြောင့် မိုဆူးလ်မြို့ အရှေ့ပိုင်းရှိ ရဲစခန်း၏ အစိတ်အပိုင်းများ၊ နေအိမ်များ၊ ရဲကားသုံးစီးနှင့် အရပ်ဘက်ကား ၁၂ စီးတို့ ပျက်စီးခဲ့သည်။

ရှုမြင်ထား

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကြံစည်သူများဟု ရှုမြင်ထားသူများအားသတ်ဖြတ်ရန်အတွက်လွန်ခဲ့သည့်နှစ်က အီရတ် ခုခံတွန်းလှန်ရေးသမားများသည် အီရတ်ရဲတပ်ဖွဲ့ဝင်နှင့် အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များ ထပ်ကာတလဲလဲ တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် စုဆောင်းရေးဌာနများ၊ စစ်တန်းလျားများနှင့် ရဲစခန်းများကို ဖောက်ခွဲတိုက်ခိုက်ခဲ့ကြသည်။

အင်တာနက်။

အာဖဂန်တွင် တိုက်ပွဲဖြစ်ပွား ကန်အကြံပေးတစ်ဦး သေဆုံး

ဟီရတ်(အာဖဂန်) ဩဂုတ် ၂

ပြီးခဲ့သော ကြာသပတေးနေ့က အာဖဂန်နိုင်ငံဂိုရာဒေသအလယ်ပိုင်းအရပ်တွင် ခွဲထွက်ရေးအဖွဲ့များနှင့် အာဖဂန်အစိုးရတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။ ထိုတိုက်ခိုက်မှုကြောင့်အမေရိကန်စစ်ဘက်အကြံပေးတစ်ဦးနှင့်အာဖဂန်တပ်ဖွဲ့ဝင်နှစ်ဦးတို့သေဆုံးခဲ့ကြောင်း အာဖဂန်အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။ အာဖဂန်နိုင်ငံတွင် အမေရိကန်တို့က ကျောထောက်နောက်ခံပေးထားသော ဗဟိုအစိုးရနှင့် အာဖဂန်ခွဲထွက်ရေးအဖွဲ့များမှ စစ်ခေါင်းဆောင်များ၏ တပ်ဖွဲ့များထံမှ လက်နက်ဖြုတ်သိမ်းရန် ကြိုးပမ်းကြစဉ် ယခုကဲ့သို့ မငြေမလည်ဖြစ်လာကြရကြောင်း ဂိုရာရဲတပ်ဖွဲ့ အကြီးအကဲ အာမာခူဒါက ပြောကြားသည်။ ပြဿနာဖြစ်ပွားသောနေရာမှာ ချာချရန်ပြည်နယ်၏ မြို့တော်ဂါလ်မင်အရပ်အနီးတွင်ဖြစ်သည်။

ဂါလ်မင်မြို့တော်အနီးတွင် ခွဲထွက်အဖွဲ့မှ ဗိုလ်ချုပ်ဇာမင်ဆန်နှင့် ဗိုလ်ချုပ်အာမက်ခန်တို့ တပ်စွဲထားကြသည်။ ၎င်းတို့ထံမှ လက်နက်ဖြုတ်သိမ်းရန် ကြိုးပမ်းရာမှစတင်ပြီး အာဖဂန်တပ်ဖွဲ့များနှင့်အဆိုပါ ဗိုလ်ချုပ်များ၏ တပ်ဖွဲ့များ အချင်းများ ခဲ့ကြခြင်းဖြစ်သည်။ ဇွန်လကလည်း အဆိုပါ ဗိုလ်ချုပ်နှစ်ဦးသည် ပစ်ကြခတ်ကြရာ၌ ပါဝင်ခဲ့ကြသည်။ ထိုစဉ်က အခြားလက်နက်ကိုင် အဖွဲ့အစုမှ ခေါင်းဆောင်က ၎င်းတို့ကို တိုက်ထုတ်လိုက်သည့်အတွက် ချာချရန်သို့ ပြောင်းရွှေ့လာရခြင်းဖြစ်သည်။ ထိုစဉ်မှစ၍ ဗဟိုအစိုးရက ၎င်းတို့နှစ်ဦးကို ရာထူးမှဖယ်ရှားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းဗိုလ်ချုပ်များထံမှ လက်နက် ဖြုတ်သိမ်းရန်ကိစ္စမှာ တာဝန်ရှိနေခဲ့သည်။

ယခုအခါရဲအရာရှိခူဒါ၏တပ်ဖွဲ့များမှာ အဝိုင်းခံထားရသည်။ သို့ဖြစ်၍ အခြေအနေကို ဗဟိုအစိုးရထံ အကြောင်းကြားထားကာ ဗဟိုအစိုးရထံ အကူအညီတောင်းခံထားသည့် ဆန့်ကျင်နေသော ဗိုလ်ချုပ်အာမက်နှင့် ဇာမင်တို့၏ လက်အောက်တွင် တပ်အင်အားစု၃၀၀၀ခန့်ရှိကြောင်းသိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာတွင် ခိုင်မြဲတိုးတက်နေသော မြန်မာ–တရုတ် ညီရင်းအစ်ကိုဆက်ဆံရေး

အောင်မိုးခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ရဲ့ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ဇူလိုင်လ ၁၈ ရက်နေ့မှာ ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ ဇူလိုင်လ ၁၁ရက်နေ့က စတင်သွားရောက်ခဲ့ပြီး ရက်သတ္တတစ်ပတ်ကြာ ခရီးစဉ်ဖြစ်ပါတယ်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ ကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ ဌာနဆိုင်ရာအကြီးအကဲများလည်း လိုက်ပါသွားခဲ့ကြပါတယ်။ မြန်မာ–တရုတ် နှစ်နိုင်ငံတို့ဟာ အစဉ်အလာ အိမ်နီးချင်းကောင်း နိုင်ငံများလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီခရီးစဉ်ဟာ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ တည်ဆောက်လာခဲ့တဲ့ ညီရင်းအစ်ကို ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲတိုးတက်လာအောင် ကြိုးပမ်းမှုလည်းဖြစ်ပါတယ်။

ဒီကနေ့ အာရှအရှေ့ဖျား နိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်ဟာ စီးပွားရေးနဲ့ သိပ္ပံပညာဘက်တို့မှာ ကမ္ဘာ့ပါရဂူကြီးများ မယုံကြည်နိုင်လောက်အောင် ထိုးဖောက် တိုးတက်လာတာကို လူတိုင်းတွေ့မြင်နေရပြီး ဖြစ်ပါတယ်။

ပဲရစ်မြို့တွင် အခြေစိုက်တဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Organization for Economic Corporation and Development OECD)ရဲ့ထုတ်ပြန်ကြေညာချက်အရ တရုတ်ပြည်ဟာ ကမ္ဘာပေါ်တွင် သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်ရေး(R&D) လုပ်ငန်းများအတွက် တတိယမြောက် ငွေကြေးအသုံးစွဲဆုံး နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ဒါဟာ စက်မှုခေတ်ဆီသို့ လျင်မြန်စွာချီတက်နေသော တရုတ်နိုင်ငံပေါ် မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ကြောင်း အစီရင်ခံစာမှာ ဖော်ပြခဲ့ပါတယ်။ OECDရဲ့ နှစ်နှစ်တစ်ကြိမ် ထုတ်ဝေလျက်ရှိတဲ့ သိပ္ပံနည်းပညာနဲ့ စက်မှုဆိုင်ရာ သုတပေါင်းချုပ်စာအုပ်မှ နောက်ဆုံး ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်တွင် တရုတ်ပြည်ဟာ သုတေသနနဲ့ဖွံ့ဖြိုးတိုးတက်ရေး (Research and Development R&D)လုပ်ငန်းများအတွက် ၂၀၀၁ ခုနှစ်တွင် ဒေါ်လာ ၆၀ ဘီလီယံ သုံးစွဲခဲ့ကြောင်း၊ အမေရိကန်နဲ့ ဂျပန်တို့ရဲ့နောက်တွင် လိုက်လျက်ရှိကြောင်း၊ အမေရိကန်ဟာ ဒေါ်လာ ၂၈၂ ဘီလီယံနဲ့ ဂျပန်ဟာ ဒေါ်လာ ၁၀၄ ဘီလီယံ အသီးသီးသုံးစွဲခဲ့ကြောင်း၊ ဂျာမနီဟာ တရုတ်နောက်တွင်ရှိပြီး ဒေါ်လာ ၅၄ ဘီလီယံ သုံးစွဲခဲ့ကြောင်း ဖော်ပြထားပါတယ်။ တရုတ်ပြည်ရဲ့ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအပေါ် ငွေကြေးသုံးစွဲမှုမှာ မကြာသေးခင်အချိန်များကစတင်ပြီး လျင်မြန်စွာတိုးတက်လာခဲ့ကြောင်း၊ ၁၉၉၆ခုနှစ်တွင် GDP ရဲ့ သုည ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာက နောက်ဆုံးနှစ်တွင် ၁ ဒသမ ၁ ရာခိုင်နှုန်းသို့ ရောက်ရှိလာခဲ့ကြောင်း၊ အထူးသဖြင့် တရုတ်ပြည်မှ ကုမ္ပဏီများဟာ ယင်းတို့ သုံးစွဲငွေစုစုပေါင်းရဲ့ ၆၀ ရာခိုင်နှုန်းကို သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း ဖော်ပြထားပါတယ်။ အခုအခါ (R&D) လုပ်ငန်းများအပေါ် ငွေကြေးကျခံသုံးစွဲမှုအချိုးမှာ နိုင်ငံများကိုတိုင်းတာတဲ့ အညွှန်းကိန်းတစ်ခုဖြစ်လာပြီး နိုင်ငံတွေရဲ့ တီထွင်မှုလုပ်ငန်းများ၊ ပညာအခြေခံသော စက်မှုလုပ်ငန်းများအတွက် အရေးပါသော နေရာတွင် ရပ်တည်လျက်ရှိပါတယ်။

ဒီကနေ့ အမေရိကန်ကုန်သည်များအသင်းရဲ့ တရုတ်ပြည်ရှိ အမေရိကန် ကုမ္ပဏီများအပေါ် စစ်တမ်းပြုစုမှုအရ ၂၀၀၂ ခုနှစ်တွင် ယင်းကုမ္ပဏီတို့ရဲ့ အမြတ် ၄၂ ရာခိုင်နှုန်းဟာ ကမ္ဘာတစ်ဝန်း ပျမ်းမျှအမြတ်ထက် သာလွန်နေကြောင်း ပြသတယ်လို့ ဆိုပါတယ်။ ကုမ္ပဏီအများအပြားအတွက် တရုတ်ပြည်ဟာ အမြတ်ရှာပေးတဲ့နေရာ ရတ်ခြည်းဖြစ်လာတယ်လို့ ပေကျင်းရှိ သံတမန်တစ်ဦးက ဆိုပါတယ်။

ဒါကြောင့် မြေကို လူ့အဖွဲ့အစည်းပိုင်ပြုလုပ်ထားပြီး လူ့အခွင့်အရေးနဲ့ တဖြည်းဖြည်းပေါင်းစပ်ကျင့်သုံးလာတဲ့ တရုတ်ပြည်ရဲ့ တိုးတက်ဖြစ်ပေါ်မှုဟာ စက်မှုအရင်းရှင်နိုင်ငံတွေကို ကျော်လွန်သွားနိုင်စရာ အလားအလာတွေရှိနေပြီ ဖြစ်ပါတယ်။တရုတ်ပြည်မှာ မြေဈေးတွေလုံးဝမရှိသလောက်ဖြစ်နေမှုဟာ စက်မှုဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံကြီးတွေထက် တစ်ပန်းသာလွန်နေတဲ့အချက်ဖြစ်ပါတယ်။

တရုတ်ပြည်ကြီးဟာ ကိုယ့်မှုကိုယ့်ဟန်၊ ကိုယ့်လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်စွာ ပြောင်းလဲနေတဲ့အတွက် အခုလို အံ့သြဖွယ်ရာ တိုးတက်လာခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနဲ့ ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် ရက်သတ္တတစ်ပတ်ခန့်နေထိုင်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးနဲ့ ဝန်ကြီးချုပ်တို့အပါအဝင် ထိပ်တန်းခေါင်းဆောင်များနဲ့လည်း အမြင်ချင်းဖလှယ်ပြီး နိုင်ငံတကာအရေးများကို ဆွေးနွေးခဲ့ကြပါတယ်။ အပြန်အလှန် နားလည်မှုများလည်း ရရှိခဲ့ကြပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါင်းဆောင်ကြီးများကို မြန်မာနိုင်ငံတွင် နိုင်ငံရေးအေးချမ်းတည်ငြိမ်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးမှု အထိုက်အလျောက် ရရှိနေကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ခင်ရင်းနှီးမှုရှိပြီး အပြုသဘောဆောင်သည့် ဆက်ဆံရေး ထူထောင်ထားကြောင်း၊ မြန်မာနိုင်ငံ ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်ပတ်သက်၍လည်း အရေးကြီးဆုံးခြေလှမ်းဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ ချမှတ်ပေးမည့် အမျိုးသားညီလာခံကို မေလ ၁၇ ရက်နေ့မှ စတင်ကျင်းပခဲ့ကြောင်း၊ ယင်းညီလာခံသို့ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ် ၄၀၀ ကျော် အပါအဝင် အလွှာရှစ်လွှာမှ ကိုယ်စားလှယ်ပေါင်း ၁၀၈၈ ဦးနှင့် အောင်မြင်စွာ ကျင်းပနေကြောင်း၊ ယခုအခါ ကိုယ်စားလှယ်များ နေရပ်သို့ ခေတ္တပြန်သွားကြပြီဖြစ်ကြောင်း၊ ပွင့်လင်းရာသီတွင် ညီလာခံ ပြန်လည်စတင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာဟူကျင်တောင်ကလည်း မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မည်သည့်အခါမှ ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်ကို အခြေခံသည့် တရုတ်–မြန်မာဆက်ဆံရေးပြောင်းလဲခဲ့ခြင်းမရှိသည့်အတွက် ဝမ်းမြောက်ကြောင်း၊ နှစ်နိုင်ငံအကြား နားလည်မှု ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း ပြောကြားခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ကလည်း တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရာတွင် မြန်မာနိုင်ငံကို အလေးထားမည်ဖြစ်ကြောင်း၊ တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုထောက်ခံရပ်တည်နေသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းရေးအတွက် တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့တဲ့ တရုတ်–မြန်မာနှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများနဲ့ အပြန်အလှန်လဲလှယ်မှု စာလွှာများကို အခုလို ထင်ရှားစွာတွေ့နိုင်ပါတယ်–

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား စီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်၊

၂။ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ တည်ဆောက်ရေး စီမံကိန်းဆိုင်ရာ စာလွှာ၊

၃။ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်လုပ်ငန်း စီမံကိန်းများ၏ ပင်မစီမံချက်ရေးဆွဲရေးဆိုင်ရာစာလွှာ၊

၄။ သန်လျင်–ကျောက်တန်းစက်မှုဇုန်အတွက် ပင်မလုပ်ငန်းစီမံချက်ဆိုင်ရာ စာလွှာ၊

၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတိုးမဲ့ချေးငွေ ရင်မင်ဘီယွမ် သန်း၅၀ ဖြင့် ရထားသံလမ်းများရယူရေးဆိုင်ရာစာလွှာ၊

၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းအချက်အလက်လုပ်ငန်း ဝန်ကြီးဌာနတို့အကြား သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊

၇။ အမှတ်(၄)ယူရီးယား ဓာတ်မြေဩဇာစက်ရုံ(တိုက်ကြီး)တည်ဆောက်ရေး အတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းရေးသဘောတူစာချုပ်၊

၈။ ချေးငွေပေးဆပ်ရေး ပြန်လည်ညှိနှိုင်းမှု သဘောတူစာချုပ်၊

၉။ မြန်မာနိုင်ငံဆက်သွယ်ရေးကွန်ရက်တည်ဆောက်ရေး စီမံကိန်းအတွက် ထောက်ပံ့ရေးစာချုပ်၊

၁၀။ တကောင်းတောင် နီကယ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့်ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး လုပ်ငန်းသဘောတူစာချုပ်၊

၁၁။ ပျော့ဖတ်စက်ရုံများ တည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာ၊

၁၂။ The Supply Contract between Myanma Posts and Tele-Communication and ZTE Corporation for GSM System Expansion Project စာချုပ်၊

ဒါတွေကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါနိုင်ငံများက လူသားချင်းစာနာတဲ့ အကူအညီဖြတ်တောက်ပြီး စီးပွားရေး ပိတ်ဆို့အရေးယူနေချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ စာနာထောက်ထားမှုနဲ့ အပြုသဘောပူးပေါင်းဆောင်ရွက်မှုများကို အထင်အရှားတွေ့နိုင်ပါတယ်။ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ မြန်မာပြည်သူတွေအပေါ် ဆင်းရဲကျပ်တည်းစေသော လုပ်ရပ်နဲ့တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ မြန်မာပြည်သူတွေအပေါ် ဖွံ့ဖြိုးတိုးတက်စေလိုသော လုပ်ရပ်ကိုလည်း ကွဲပြားစွာ တွေ့နိုင်ပါတယ်။ မြန်မာပြည်သူတွေအပေါ် အမေရိကန်နဲ့အနောက်အုပ်စု အပေါင်းပါနိုင်ငံတွေရဲ့ ပူပြင်းလောင်မြိုက်စေတဲ့ အကျပ်ကိုင်ဖိအားပေးမှုနဲ့ မြန်မာပြည်သူတွေအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အေးမြတဲ့စာနာထောက်ထားမှုတွေဟာလည်း ကွဲပြားစေပါတယ်။ အခုလို ဖော်ပြရခြင်းဟာ မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေး အတွက်သာမဟုတ်ဘဲ အခြားသော နိုင်ငံတကာဆက်ဆံရေးတွင်လည်း အခုလိုချစ်ကြည်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုကြိုးပမ်းသွားဖို့ ဖြစ်ပါတယ်။ ဒါမှသာ နိုင်ငံတကာမှာ တည်ငြိမ်အေးချမ်းစွာ ဖြစ်ပေါ်တိုးတက်လာမယ်ဖြစ်ပါတယ်။

လူတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံအတွက်ဖြစ်စေ အဆွေခင်ပွန်းကောင်းဟုတ်၊ မဟုတ် ဘာနဲ့တိုင်းမှာလဲ။ အဆွေခင်ပွန်းကောင်း ဆိုတာ မိမိတိုရဲ့အခက်အခဲ အကျပ်အတည်းကာလမှာ ကူညီစောင့်ရှောက်သူသာလျှင်ဖြစ်တယ်လို့ ပညာရှင်တို့က ဆိုပါတယ်။

မြန်မာနိုင်ငံအဖို့ ဒီကနေ့လို မိမိတို့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်တဲ့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ် ထူထောင်နေချိန်တွင် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့ ဖိအားပေးနေမှုဟာ မြန်မာပြည်သူတို့အဖို့ အဆိပ်အတောက်သဖွယ်သာဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အပြုသဘော ပူးပေါင်း ဆောင်ရွက်မှုတွေဟာ မြန်မာပြည်သူတွေအဖို့ အနှစ်သာရသဖွယ် ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ ကိုယ်စားလှယ်အဖွဲ့ဝင်များရဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် အောင်မြင်မှုများဟာ နိုင်ငံတကာတွင် ခိုင်မြဲတိုးတက်နေသော မြန်မာ–တရုတ် ညီရင်းအစ်ကိုဆက်ဆံရေးကို ဖော်ပြနေတာဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

မြန်မာနိုင်ငံအဖို့ ဒီကနေ့လို မိမိတို့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်တဲ့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေး အတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ် ထူထောင်နေချိန်တွင် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့ ဖိအားပေးနေမှုဟာ မြန်မာပြည်သူတို့အဖို့ အဆိပ်အတောက်သဖွယ်သာဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုတွေဟာ မြန်မာပြည်သူတွေအဖို့ အနှစ်သာရသဖွယ်ဖြစ်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၆။	မျိုးချစ်တပ်မတော်
၄း၄၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄း၅၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၅	၉။	**အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** –Random Variables And Distribution function (ဒုတိယနှစ်–စီးပွားရေး)
၅း၃၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၆။	မြန်မာ့ရှုခင်း
၆း၄၀	၁၇။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း–၂၂)**
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးကြိုးကွန်ရက်နှင့်လျှပ်စီးမား (ဒုတိယတွဲ) (အပိုင်း–၃)**
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၃

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇၄)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဩဂုတ် ၈ ရက်မှ ၁၆ အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း ၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က–ပ)

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကျောင်းတိုက်၏ (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ဆရာတော် ဘဒ္ဒန္တနန္ဒိယအား အလှူရှင် ဒါယကာများက ဝါဆိုသင်္ကန်းဆက်ကပ်ကြစဉ်။ (က–ပ)

ဖွံ့ဖြိုးတိုးတက် ကျေးလက်အိမ်ရာ

မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ ကန်သစ်ကျေးရွာတွင် အကောင်အထည်ဖော် တည်ဆောက်ထားသည့် ကျေးလက်အိမ်ရာများကို တွေ့ရစဉ်။

(ဓာတ်ပုံ-မြို့နယ်/စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း)၊ ကြို့ပင်ကောက်မြို့နယ်၊ ဥက္ကံ ကျေးရွာအုပ်စုတွင် တည်ဆောက်ပေးထားသည့် ကျေးလက် အိမ်ရာများကို တွေ့ရစဉ်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

တည်ဆောက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမြို့နယ်၊ မိုင်းလီ စံပြ ကျေးရွာတွင် တည်ဆောက်ပေးထားသည့် ကျေးလက်အိမ်ရာများကို တွေ့ရစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ ရဲကွင်းကျေးရွာအုပ်စု၊ တလုတ်ကုန်းကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ထားသည့် ကျေးလက်အိမ်ရာတစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ-မြို့နယ်/စည်ပင်)

ကျေးလက်အိမ်ရာ

ပဲခူးတိုင်း၊ နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာပွန်ကျေးရွာ၌ အကောင်အထည်ဖော် တည်ဆောက်ပေးထားသည့် ကျေးလက်အိမ်ရာတစ်လုံးကို တွေ့ရစဉ်။

(ဓာတ်ပုံ-မြို့နယ်/စည်ပင်)

လှည့်လည်ကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဧရာဝတီတိုင်း၏ ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးရေတော် မိုးတော် ထွန်တုံးပိတ်ပွဲနှင့် စပါးအတန်းလိုက် မျိုးစေ့ချ စိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲ အခမ်းအနားတွင် လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်း မိုးစပါး ရေတော် မိုးတော် ထွန်တုံးပိတ်ပွဲနှင့် စပါးအတန်းလိုက် မျိုးစေ့ချ စိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲအခမ်းအနား တက်ရောက်၍အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၃

ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီး အရှေ့တန်း ကျေးရွာ၌ ကျင်းပသည့် ဧရာဝတီတိုင်း၏ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် စပါးအတန်းလိုက် မျိုးစေ့ချစိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တိုင်း၊ခရိုင်၊မြို့နယ်အဆင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တိုင်းစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒေသခံတောင်သူလယ်သမားများ အပါအဝင် စုစုပေါင်းအင်အား ၂၃၀၀ ကျော် တက်ရောက်ကြသည်။

စက်မှုလယ်ယာသို့

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်၏ အဓိက စီးပွားရေး လုပ်ငန်းသည်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ခြင်းကြောင့် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်က အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍကိုမြှင့်တင်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးခိုင်မာတောင့်တင်းမှုကို အထောက်အကူ ပြုသလို ပြည်သူများ၏ စားဝတ်နေရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးတို့ကိုဆောင်ကြဉ်းပေးနိုင်မှာဖြစ်၍ စိုက်ပျိုးမြေသယံဇာတ၊ စိုက်ပျိုးရေသယံဇာတ ဖော်ထုတ်အသုံးချရေး၊ အဓိကအားထားရသည့် ဆန်စပါးသီးနှံကိုအခြေခံပြီး ဘက်စုံသီးနှံစိုက်ပျိုးထုတ်လုပ်ရေး၊ သီးနှံစိုက်စွမ်းအားတိုးမြှင့်ရေး၊ မျိုးကောင်းမျိုးသန့်နှင့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများအသုံးပြုရေး၊ သင့်လျော်သည့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ အသုံးပြုရေးတို့ကို ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်စီမံပေးလျက်ရှိသည့်အပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးကိုလည်း အစီအမံများချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးသီးနှံများမှ နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ပြည်သူများကလည်း မိမိတို့၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းနှင့် အခြားကုန်ထုတ်လုပ်ငန်းများကို ပိုမိုဖြစ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မိမိအတွက် အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာမှာဖြစ်သည့်အပြင် နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုရာရောက်မှာဖြစ်၍ တောင်သူလယ်သမားများအားလုံးက ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ရည်မှန်းချက်ပြည့်မီရေး

နိုင်ငံတော်အနေဖြင့် စပါးစိုက်ပျိုးရေးတွင် တစ်နိုင်ငံလုံး တစ်နှစ်မိုးစပါးဧက ၁၃ ဒသမ ၆၉ သန်း၊ နွေစပါးဧက ၃ ဒသမ ၃၈ သန်းစိုက်ပျိုးပြီး စပါးတင်းသန်း ၁၂၀၀ ရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်လည်း ၂၀၀၃-၂၀၀၄ ခုနှစ်တွင် မိုးစပါးဧက ၁၃ ဒသမ ၄၃ သန်း၊ နွေစပါးဧက ၃ ဒသမ ၁၀ သန်းသာ စိုက်ပျိုးနိုင်ခဲ့ပြီး စပါးတင်းပေါင်း ၁၁၅၆ သန်းသာရရှိအောင် စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် နိုင်ငံတော်၏ ရည်မှန်းချက်ပြည့်မီရေးအတွက် စပါးစိုက်ပျိုးရေးကို ဧရာဝတီတိုင်းက ဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခင်နှစ်ကထက် မိုးစပါး ဧက တစ်သိန်းတိုးပြီး မိုးစပါးဧက ၃၅ သိန်းနှင့် နွေစပါးကိုလည်း မနှစ် ကထက် သုံးသိန်းတိုးပြီး နွေစပါးဧက ၁၆ သိန်း စိုက်ပျိုးနိုင်အောင် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆိုလျှင် ဧရာဝတီတိုင်းအနေဖြင့် ရေတော်မိုးတော် မိုးစပါးဧက ၃၁ ဒသမ ၈၉ သိန်းစိုက်ပျိုးပြီး ထွန်တုံးပိတ်နိုင်ခဲ့၍ ရည်မှန်းထားသည့် မိုးစပါးဧက၏ ၉၁ ဒသမ ၁၁ ရာခိုင်နှုန်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာတွေ့ရကြောင်း၊ သို့သော်လည်း ရာသီကုန်တွင် သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် ကြိုးပမ်းကြရန်၊ စိုက်ပြီးစပါးများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားကြီးများ အများစုနေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ဖြစ်သည့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်သုံးရေရရှိရေး၊ ပညာရည်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားရေးနှင့် ကျေးလက်ဒေသ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က ကျေးလက်ဒေသများ၏ စီးပွားရေးကို အထောက်အကူဖြစ်စေရန် သီးနှံ၁၀မျိုးကို တစ်ဧကအထွက်နှုန်းများ သိသိသာသာ တိုးတက်အောင် ရည်မှန်းချက်များ ချမှတ်ပေးထားပြီးဖြစ်၍ ရည်မှန်းထားသည့် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းများရရှိရေး ဖိဖိစီးစီး ကြိုးစားလုပ်ကိုင်ကြရမှာဖြစ်ကြောင်း။

ရည်မှန်းချက်များအောင်မြင်စေရန် နည်းပညာများပံ့ပိုးခြင်း၊ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ မြေဩဇာများ စနစ်တကျသုံးစွဲနိုင်ရေးတွက် နည်းပညာများပံ့ပိုးပေးခြင်းစသည့် ပံ့ပိုးဖြည့်ဆည်းဖွယ်ရာများကို အလေးအနက်ထားပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သီးနှံအထွက်နှုန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရာတွင် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက်အထွက်ကောင်းမျိုးသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာများပေါင်းစပ် သုံးစွဲရေးနှင့် သီးနှံအလိုက် ရေတော်မိုးတော်စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးစသည့် နည်းလမ်းလေးသွယ်နှင့် ပေါင်းစပ်ကျင့်သုံး လုပ်ကိုင်သွားရမှာဖြစ်ကြောင်း။

ဧရာဝတီတိုင်းသည် ပြည်နယ်၊တိုင်းများအနက် နိုင်ငံတော်အတွက် အားအထားရဆုံး တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍများတွင် ဖြစ်ထွန်းအောင်မြင်သည့် တိုင်းဖြစ်သည့်အပြင် စွမ်းအင်ကဏ္ဍလည်း များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကိုတွေ့ရကြောင်း၊ ဧရာဝတီတိုင်းသည် နိုင်ငံတော်၏စပါးကျီဖြစ်သည်နှင့်အညီ နိုင်ငံတော်တစ်ရပ်လုံး စပါးစိုက်ပျိုးထုတ်လုပ်မှု၏ လေးပုံတစ်ပုံကျော်ကို ဖြည့်ဆည်းပေးသည့် တိုင်းလည်းဖြစ်ကြောင်း။

သီးနှံအမယ်သစ်

နိုင်ငံတော်ကသတ်မှတ်ထားသည့် သီးနှံ၁၀မျိုးအပြင် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ နှစ်ရှည်သီးနှံဖြစ်သည့် သစ်ဆိမ့်သည် ရေမြေဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်သည့်အတွက် စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်၍ တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် အမယ်သစ်(အမည်သစ်)သီးနှံသုံးမျိုးဖြစ်သည့် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းသီးနှံ များအနက် ငရုတ်ကောင်းသည် ဧရာဝတီတိုင်း၏ ရေမြေ၊ ရာသီဥတုနှင့် သင့်တော်သည့် သီးနှံဖြစ်၍ စိုက်ပျိုးနိုင်သမျှ တိုးချဲ့စိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း၊ ငရုတ်ကောင်းတိုးချဲ့စိုက်ပျိုးရာတွင် လက်ရှိစိုက်ပျိုးနေသည့် အိမ်ခြံဝင်းများ၌ တိုးချဲ့စိုက်ပျိုးခြင်း၊ သစ်တောများအတွင်း တိုးချဲ့စိုက်ပျိုးခြင်းနှင့် စီးပွားဖြစ် ခြံများ တည်ထောင်စိုက်ပျိုးခြင်းစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ စိုက်ပျိုးပြီးငရုတ်ကောင်းပင်များ ရှင်သန်ဖြစ်ထွန်းရေးကိုလည်း ဂရုစိုက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

တောင်သူလယ်သမားများအတွက် ပြောင်းလဲနေသည့် စိုက်ပျိုးနည်းပညာများ လက်တွေ့လိုက်နာကျင့်သုံးဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဌာနဝန်ထမ်းများက စိုက်ပျိုးနည်းပညာများစည်းရုံးပညာပေး ပြသဆောင်ရွက်လျက်ရှိကြကြောင်း။

သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များသုံးစွဲနိုင်ရန် စီမံဆောင်ရွက်ပေးရာတွင် နိုင်ငံတော်ပိုင်းအနေဖြင့် စိုက်ဧရိယာအားလုံးကို ဖြည့်ဆည်းပေးနိုင်မှာ မဟုတ်သည့်အတွက် စပါးသီးနှံတွင်မျိုး သန့်စပါးများကို နံကောက်စနစ်ဖြင့် တောင်သူများကိုယ်တိုင် ကိုယ့်မျိုးကိုယ်ထားနိုင်ရေးအတွက် မျိုးပွားဆောင်ရွက်ပုံနည်းစနစ်များကို လက်တွေ့ပြသဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စပါးစိုက်ပျိုးရာတွင် လုပ်ကွက်ကျဉ်းပြီး အထူးဂရုစိုက်ဆောင်ရွက်နိုင်သည့် တောင်သူလယ်သမားများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို အထောက်အကူဖြစ်စေသည့် ခေတ်သစ်ပျိုးထောင်နည်းနှင့် ပျိုးသက်နု စိုက်ပျိုးနည်းစနစ်များကို လက်တွေ့ပညာပေး ပြသဆောင်ရွက်လျက်ရှိကြောင်း။

လက်တွေ့ပြသ

စိုက်ပျိုးနည်းစနစ်ပိုင်းအနေဖြင့် ကုန်ကျစရိတ်သက်သာပြီး လုပ်အားသက်သာစေသည့် တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းပညာများကိုလည်း လက်တွေ့ပြသဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆိုလျှင် ဤစနစ်ကို ကျင့်သုံးပြီး ကောက်စိုက်လုံမေများစွမ်းရည်ပြ ယှဉ်ပြိုင်ကြမှာဖြစ်ကြောင်း၊ ထို့အပြင် တောင်သူများအနေဖြင့် မြေဩဇာများကို အလေအလွင့်မရှိစနစ်တကျ သုံးစွဲနိုင်ရေးအတွက် မြေတွင်းအာဟာရဓာတ်ကိုအခြေခံကာ သီးနှံအလိုက် မျှော်မှန်းအထွက်နှုန်းရရှိအောင် သုံးစွဲနည်းစနစ်များကို ပြသဆောင်ရွက်ခြင်းနှင့် စပါးသီးနှံ၏ နိုက်ထရိုဂျင်မြေဩဇာလိုအပ်ချက် ရှိ၊ မရှိသိရှိနိုင်ရန် ရောင်စဉ်တိုင်းကတ် (LCC)နှင့် တိုင်းတာထည့်သွင်းသည့် နည်းစနစ်များကိုလည်း လက်တွေ့ပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဌာနဝန်ထမ်းများက ပညာပေးပြသဆောင်ရွက်သည့် ပြောင်းလဲနေသော စိုက်ပျိုးနည်းပညာများကို တောင်သူများအနေဖြင့် လေ့လာမှတ်သားပြီး စနစ်တကျ လိုက်နာကျင့်သုံးကြရန် လိုအပ်ကြောင်း။

ယခုအချိန်အခါတွင် ဒေသအလိုက် ဝမ်းစာဖူလုံရေးကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြရာ၌ မိမိဒေသအလိုက် ဖူလုံရုံသာမက ပိုလျှံနေရုံဖြင့် ကျေနပ်နေ၍ မဖြစ်ဘဲ ပိုလျှံသည်ထက်ပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ သို့မှသာ မိမိဒေသနှင့် ဆက်စပ်သည့် ဒေသများနှင့် နိုင်ငံတော်အတွက်ပါ ပိုမိုအကျိုးပြုစေမှာဖြစ်ကြောင်း၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိသော်လည်း ပြည်ပတင်ပို့နိုင်သည်အထိ ပိုလျှံမှုမရှိသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဆန်စပါး၊ ဆီထွက်သီးနှံစသည့် သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ဧကတိုးချဲ့ခြင်း၊ သီးထပ်စိုက်ပျိုးခြင်းနှင့် တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကို အလေးထား စီမံဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဧရာဝတီတိုင်းသည် နိုင်ငံတော်၏စပါးကျီအဖြစ် ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းသွားကြရန်၊ နိုင်ငံတော်က ချမှတ်ပေးထားသည့် သီးနှံအလိုက်အထွက်နှုန်းတိုးရေး ပန်းတိုင်ရည်မှန်းချက်များအောင်မြင်အောင် အကောင်အထည်ဖော်ကြရန်၊ ဌာနဆိုင်ရာများအနေဖြင့် စိုက်ပျိုးကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးကြရန်၊ တောင်သူလယ်သမားများအနေဖြင့်လည်း တိုးတက်ပြောင်းလဲနေသည့် စိုက်ပျိုးနည်းပညာများကို လေ့လာမှတ်သားပြီး ယုံယုံကြည်ကြည်ဖြင့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကား ပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဧရာဝတီတိုင်း၏ ၂၀၀၄–၂၀၀၅ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် စပါးအတန်းလိုက် မျိုးစေ့ချ စိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲအခမ်းအနားတွင် ပထမဆုရ ပုသိမ်ခရိုင်အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဧရာဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးလှမျိုးက မိုးစပါးအတန်းလိုက် မျိုးစေ့ချစိုက်ပျိုးစွမ်းရည် ယှဉ်ပြိုင်ပွဲနှင့် ပတ်သက်၍ စည်းကမ်းချက်များနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဝတီတိုင်း မြေစာရင်းဦးစီးဌာနဦးစီးမှူး ဦးအောင်တင်မြင့်က ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းမြေစာရင်းဦးစီးမှူး ဦးအောင်တင်မြင့်က ၂၀၀၄–၂၀၀၅ ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ် အစီရင်ခံစာကို တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်ထံ ပေးအပ်သည်။

ယင်းနောက် စပါးအတန်းလိုက် မျိုးစေ့ချစိုက်ပျိုးစွမ်းရည် ယှဉ်ပြိုင်ပွဲတွင် ပါဝင်ကြသည့် ခရိုင်အလိုက် ကိုယ်စားပြုပြိုင်ပွဲဝင်အသင်းများက သတ်မှတ်ပြိုင်ကွင်းအတွင်း နေရာယူကြပြီး ပြိုင်ပွဲကျင်းပရေးကော်မတီ ဒိုင်ချုပ်က အချက်ပေးကြေညာသည်နှင့် စပါးအတန်းလိုက် မျိုးစေ့ချ စိုက်စွမ်းရည် ယှဉ်ပြိုင်ပွဲကို စတင်ကျင်းပသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည် စပါးအတန်းလိုက် မျိုးစေ့ချစိုက်စွမ်းရည် ယှဉ်ပြိုင်ပွဲကို လှည့်လည်ကြည့်ရှုအားပေးကြပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်း၊ လယ်ယာသုံးစက်ကိရိယာများ၊ ဓာတ်မြေဩဇာ အရောင်းပြခန်းတို့ကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ စပါးအတန်းလိုက် မျိုးစေ့ချစိုက်စွမ်းရည် ယှဉ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသူများအား ဂုဏ်ပြုဆုနှင့် နှစ်သိမ့်ဆုရရှိကြသော မအူပင်နှင့် ဟင်္သာတခရိုင်အသင်းများအား တာဝန်ရှိသူ အသီးသီးကလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအထွေထွေမန်နေဂျာ ဒေါက်တာညီညီက တတိယဆုရ မြောင်းမြခရိုင်အသင်းအားလည်းကောင်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်က ဒုတိယဆုရ ဖျာပုံခရိုင်အသင်းအားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပထမဆုရ ပုသိမ်ခရိုင်အသင်းအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

▲ **မိမိတို့နိုင်ငံမှ**

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိမိတို့နိုင်ငံအတွင်း၌ အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား စစ်မှုထမ်းများအဖြစ် စုဆောင်းခြင်း မဖြစ်ပေါ်ရအောင် ကာကွယ်တားဆီးပြီး ယင်းကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေး၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ၂၀၀၄ခုနှစ် ဇန်နဝါရီလအတွင်းက ကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

ယခုဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပရာတွင် ယခင်က ကျင်းပခဲ့သော အစည်းအဝေးက ချမှတ်ခဲ့သည့် ညှိနှိုင်းဆုံးဖြတ်ချက်များ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ရှေ့ဆက်လက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားမည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးသွားကြရန်ဖြစ်ကြောင်း။

ပုံကြီးချဲ့စွပ်စွဲ

မိမိတို့နိုင်ငံ၌ ကလေးသူငယ်များ၏ လွတ်လပ်မှုကို ကာကွယ်ထိန်းသိမ်းနိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များသည် ရှိပြီးဖြစ်ကြောင်း၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအားလုံး စစ်မှုထမ်းခြင်းမှ ကာကွယ်ထားသည့် ဥပဒေနှင့် အမိန့်များရှိပြီးဖြစ်ကြောင်း၊ အရွယ်မရောက်သေးသူများအား အဓမ္မ စစ်မှုထမ်းအဖြစ် စုဆောင်းခဲ့မှုများ ရှိခဲ့လျှင်လည်း ဖိဖိစီးစီး ကြပ်မတ် အရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံအပေါ် အမြင်မကြည်လင်သော အင်အားစုများက ပုံကြီးချဲ့စွပ်စွဲမှုများကို အမျိုးမျိုး ဆက်လက်ပြုလုပ်လျက်ရှိကြကြောင်း။

မိမိတို့ကော်မတီအနေဖြင့် ကော်မတီ၏ ရည်ရွယ်ချက်များအတိုင်း နိုင်ငံအတွင်း၌ အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား စစ်မှုထမ်းအဖြစ် စုဆောင်းခြင်းများ မဖြစ်ပေါ်ရအောင် ကာကွယ်တားဆီးပြီး ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် ကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်တို့က နိုင်ငံတော်အတွင်း ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကိစ္စနှင့် လုပ်ငန်းဆက်စပ်နေသော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သင့်သည့် ကိစ္စများကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြနှင့် ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီး အောင်စံတင်တို့က ဆက်လက်ဆောင်ရွက်သင့်သော အစီအစဉ်များ၊ ကော်မတီ၏ ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသော ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများက လိုအပ်သည်များကို ဖြည့်စွက်အကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များ ဩဂုတ် ၂ ရက်က ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ဗိုလ်မြတ်ထွန်း တံတားကြံ့ခိုင်မှုနှင့် ရေလမ်းကြောင်းစီးဆင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✪ **ကျောဖုံးမှ**

တံတားကြီးအောက်မှ ဖြတ်သန်းရာတွင် တစ်စင်းချင်း၊ တစ်တွဲချင်းသာ ဖြတ်သန်းရန်နှင့် ရေစီးနှုန်း၊ လေတိုက်နှုန်း၊ မိမိသယ်ဆောင်ဝန်နှင့် စက်အားတို့ကို ချင့်ချိန်၍ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းကြရန် သတိပေး နှိုးဆော်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

သတိပြုကြပ်မတ်ကွပ်ကဲ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရေယာဉ်များမြစ်ကူး တံတားကြီးများမှ ဖြတ်သန်းရာတွင် အစုန်ရေလမ်းကြောင်းမှာ အန္တရာယ်ရှိနိုင်၍ ကြပ်မတ်ကွပ်ကဲရေး အဖွဲ့က သေချာစွာ သတိပြုကြပ်မတ်ကွပ်ကဲရေး၊ တန်ဖိုးကြီးမားသော တံတားကြီးဖြစ်၍ ပေါ့ဆမှုများကြောင့် ရေယာဉ်နှင့်သစ်ဖောင်များ တံတားနှင့် ထိခိုက်မှုမဖြစ်စေရေးအတွက် သတိပြုထိန်းသိမ်းဆောင်ရွက်ရေး၊ မလိုက်နာသူများကို ဥပဒေအရ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်ရေးနှင့် တံတားကြီး အစဉ်ကြံ့ခိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ် စစ်ဆေးဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးအေးမြင့်က ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ နေ့စဉ် လေဆီနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိမှု၊ တွင်းအမှတ်(၂၃)တူးဖော်မှု၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဗိုလ်မြတ်ထွန်းတံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေများနှင့် ရေလမ်းကြောင်းစီးဆင်းမှု အခြေအနေများကို တံတားကြီးပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ပုသိမ်တံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ပန်းတနော်၊ ကျောင်းကုန်း၊ ကန်ကြီးဒေါင့်နှင့် ပုသိမ်မြို့နယ်များအတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ အောင်မြင်ဖြစ်ထွန်းနေမှု၊ မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ကားလမ်းအား ထိန်းသိမ်းစောင့်ရှောက်ထားမှု အခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပုသိမ်မြို့ ငဝန်မြစ်ကူး ပုသိမ်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက ကမ်းနီဘက်နှင့် မရမ်းချောင်းဘက်တွင် ပင်မသံမဏိတာဝါတိုင်နှစ်တိုင်တည်ဆောက်နေမှု၊ သံမဏိကြိုးထိန်းခုံနှစ်ခု တည်ဆောက်နေမှု၊ ပင်မကြိုးများ တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးပါက တံတားသံပေါင်များ ဆက်လက်တပ်ဆင်ရန် ဆောင်ရွက်ထားရှိမှု၊ ကြိုတင်သွန်းလောင်းထားသော Decking Slab များ အချိန်နှင့်တစ်ပြေးညီတပ်ဆင်ပြီး တံတားသံပေါင်ပေါ်တွင် ခင်းကျင်းရန်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ လမ်းအထူးအဖွဲ့(၂)မှ အင်ဂျင်နီယာမှူး ဦးကျော်ရှိန်းက ပုသိမ်–ချောင်းသာ ချဉ်းကပ်လမ်းနှင့် တံတားများတည်ဆောက်နေမှု၊ အရှည်ပေ ၃၃၀ရှိ သစ်သားနှင့် ဘေလီရောစပ်အမျိုးအစား ကျောက်ချောင်းကြီးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ပင်မသံမဏိတာဝါတိုင်နှစ်တိုင်နှင့် သံမဏိကြိုးထိန်းခုံနှစ်ခု တည်ဆောက်နေမှု အပါအဝင် စီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၇၀ရာခိုင်နှုန်းပြီးစီး

အဆိုပါ ပုသိမ်တံတားမှာ အရှည်ပေ ၂၁၄၀ နှင့် ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိ သံပေါင်ကြိုးတံတား အမျိုးအစားဖြစ်ကာ စီမံကိန်းတစ်ခုလုံး ၇၀ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ယခုနှစ် အောက်တိုဘာလမကုန်မီ ပြီးစီးနိုင်ရေးကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပုသိမ်တံတား တည်ဆောက်ပြီးစီးသွားပါက ငဝန်မြစ်အနောက်ဘက်ကမ်း ဒေသများဖြစ်သော ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေ အပါအဝင် ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ် စသည့် ဒေသများ၌ လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်လာပြီး ပင်လယ်ရေလုပ်ငန်း ထွက်ကုန်များ၊ လယ်ယာထွက်ကုန်များကို ရန်ကုန်မြို့နှင့်တကွ ဒေသအနှံ့အပြားသို့ ယခုထက် ပိုမိုလွယ်ကူစွာ တင်ပို့ဆက်သွယ် သွားလာနိုင်မည်ဖြစ်ကာ ငဝန်မြစ်အနောက်ခြမ်း ဒေသများသည်လည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပုသိမ်မြို့တွင် ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ ရွှေလောင်းတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Learning English The Easy and Happy Way for Children and Beginners.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၃၅ ၈။ သီချင်းကြီးသရုပ်ဖော်
၅:၄၅ ၉။ မြန်မာစာ၊ မြန်မာစကား
၆:၀၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆:၁၀ ၁၁။ Discovery.
၆:၁၅ ၁၂။ မူဟန်သွယ်သွယ်ဆိုကြမယ်
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ **"အလှဆုံးမိခင်"** (မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စမ်းချောင်းမြို့နယ်)
၇:၂၀ ၁၆။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၇:၃၅ ၁၇။ တေးဂီတအစီအစဉ်
၇:၄၅ ၁၈။ မြန်မာ့ဆေးလောက၏မေးရိုးနှင့် ခံတွင်းခွဲစိတ်အောင်မြင်မှု
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကြီး" (ဒုတိယဆု) (ရန်ကုန်တိုင်း–၂) (ပထမပိုင်း)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃

၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြရုံ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့ရှိ ဌာနချုပ်များ၊ စစ်ရေယာဉ်စုများ၊ ပင်မတပ်များ၊ တပ်၊ စခန်း၊ ရေယာဉ်များမှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲတွင် အသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး အကြီးတန်းပြိုင်ပွဲ၊ အငယ်တန်းပြိုင်ပွဲနှင့် အမြန်ရွှေ့ပြိုင်ပွဲတို့၌ တစ်ဦးချင်း ဆုများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်က ၂၀၀၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် ရေတပ်လေ့ကျင့်ရေးဌာနချုပ် အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်လိုက်သည်။ (သတင်းစဉ်)

လုံခြုံပြည့်ဝ စိတ်ချရေး မိခင်နို့(တစ်မျိုးတည်း)သာ တိုက်ကျွေးပေး

ဒေါက်တာ ဒေါ်တင်လင်းမြင့်

နှစ်စဉ် ဩဂုတ်လ ပထမပတ်ကို ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် (World Breast Feeding Week) ဟူ၍ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံပေါင်း ၁၂၀ ခန့်တွင် ကျင်းပလျက်ရှိသည်။

မိခင်နို့ တိုက်ကျွေးရေး ဟူသော စကားရပ်သည် မြန်မာလူမျိုးများအတွက် ထူးထူးဆန်းဆန်းမဟုတ်ပါ။ သို့ရာတွင် အခြေအနေအရပ်ရပ်ကြောင့် မိခင်အချို့သည် မိခင်နို့အစား နို့ဘူး၊ နို့မှုန့်ကို အချိန်နှင့်တိုက်သည့် အလေ့အထ ရှိခဲ့ပါသည်။ ၎င်းအလေ့အထမှာ မမှန်ကန်ကြောင်း၊ ရင်သွေးငယ်အတွက် ကိုယ်ကျန်းမာ စိတ်ချမ်းသာမှုကို အဟန့်အတားဖြစ်စေကြောင်းကို သုတေသနတွေ့ရှိချက်များက သက်သေပြနေပါသည်။

စာရေးသူအနေဖြင့် ၁၉၉၄ ခုနှစ်ခန့်က မိခင်နို့ စနစ်တကျ တိုက်ကျွေးခြင်းသင်တန်းကို တက်ရောက်ခဲ့စဉ် ကမ္ဘာတစ်ဝန်းတွင် မိခင်နို့ စနစ်တကျ တိုက်ကျွေးထားသော ကလေးအုပ်စုနှင့် နို့မှုန့်၊ နို့ဘူး တိုက်ကျွေးသော ကလေးအုပ်စုကို နှိုင်းယှဉ်သုတေသနပြုချက်စာတမ်းကို လေ့လာခဲ့ရပါသည်။ ထိုလေ့လာချက်အရ မိခင်နို့တိုက်ကျွေးထားသော ကလေးအုပ်စုက ပိုမို၍ ဉာဏ်ရည်ထက်မြက်ပြီး လိမ္မာရေးခြားရှိကြောင်း သိရှိခဲ့ရပါသည်။

မိခင်၊ ဖခင်၏ ကျေးဇူးမှာ အထူးဖော်ပြရန်မလိုသကဲ့သို့ **သားတို့ရပ်ရည် သီတာမည်သား၊ ရေကြည်ချမ်းမြတစ်ပေါက်ကျက၊ မိဘတို့ဝမ်း ငြိမ်းစတမ်းတည်း** ဟူသော စကားအရ မိဘ၏ သား၊ သမီးအပေါ်ထားသော မေတ္တာတရားမှာလည်း ဖော်ပြနိုင်စွမ်း မရှိအောင် ကြီးမားလှပေသည်။ နို့တိုက်ကျွေးချိန်တွင် မိခင်နှင့် ကလေးတို့ အပြန်အလှန် အပြုံးချင်းဖလှယ်သည့် အလှသည် မည်သည့်အလှနှင့်မျှ ယှဉ်မရသော အလှတစ်ပါးဖြစ်ကြောင်း မြင်ရသူတိုင်း လက်ခံရမည်မှာ မလွဲပါပေ။

မိခင်နှင့် ကလေး အပြန်အလှန် နားလည်မှုများ၊ မေတ္တာထားမှုများ၊ ဆက်နွယ်မှုများသည် မိခင်၏ နို့ရည်မှတစ်ဆင့် ရင်သွေးငယ်ထံသို့ စီးဝင်သွားသည့်သဖွယ် ဖြစ်ပါသည်။ ရင်သွေးငယ်၏ ခန္ဓာကိုယ်တည်ဆောက်မှုမှာလည်း မိခင်၏ အသွေးအသားများနှင့် တည်ဆောက်ထားခြင်းဖြစ်၍ ရင်သွေးငယ်အား ထွေးပိုက်၍ နို့ချိုတိုက်ကျွေးခြင်းသည် မိခင်နှင့် ရင်သွေးငယ်တို့ ချစ်ခြင်းမေတ္တာကို ခိုင်မြဲစေသောအကြောင်းတစ်ရပ် ဖြစ်ပါသည်။

မိခင်နို့ စနစ်တကျ တိုက်ကျွေးရေးဟူသည်မှာ ရင်သွေးငယ်အား မွေးဖွားပြီး နာရီဝက်အတွင်း တတ်နိုင်သမျှအစောဆုံး မိခင်နို့ စတင်တိုက်ကျွေးရန်၊ ကလေးအသက်ခြောက်လ အရွယ်အထိ မိခင်နို့မှလွဲ၍ အခြားအစားအစာ၊ အရည် လုံးဝမတိုက်ကျွေးရေးအတွက် အကြံပေးရန်၊ ကလေးဆာတိုင်း အချိန်ကြာကြာ မိခင်နို့ တိုက်ကျွေးခြင်းကို အားပေးရန်၊ ကလေးငယ်များကို ချိုလိမ် နို့သီးခေါင်းတု စို့စေ၍ နှစ်သိမ့်ခြင်းကို တားမြစ်ရန်၊ ကလေး အသက်ခြောက်လကျော်လျှင် သင့်လျော်သော ဖြည့်စွက်အစာကျွေးခြင်းကို မိခင်များအား လမ်းညွှန်ပေး၍ ကလေးအသက်နှစ်နှစ်အထိ မိခင်နို့ ဆက်လက်တိုက်ကျွေး ခြင်းကို အားပေးရန်၊ မိခင်နှင့်ကလေး ခေတ္တခွဲခွာရချိန်တွင် ညှစ်ထားသော မိခင်နို့ရည်ကို ဇွန်းဖြင့် တိုက်ကျွေးရန်၊ မိခင်နှင့်ကလေးငယ်ကို တစ်ခန်းတည်း အတူထားရှိရန် စသည်တို့ ဖြစ်ပါသည်။

အလုပ်လုပ်သော မိခင်များသည် အလုပ်မသွားခင် ရင်သွေးငယ်အတွက် သန့်ရှင်းသောခွက်ဖြင့် နို့ရည်ညှစ်ခဲ့ရန်ဖြစ်ပြီး ၎င်းနို့ရည်သည် သာမန်အပူချိန်တွင် ခြောက်နာရီမှ ရှစ်နာရီအထိ သန့်ရှင်းလတ်ဆတ်နေပါသည်။ ၎င်းညှစ်ထားသော နို့ရည်ကို ကလေးဆာတိုင်း ဇွန်းဖြင့် တိုက်ကျွေးပေးရန် ဖြစ်ပါသည်။

ရင်သွေးငယ်အား မွေးပြီး နာရီဝက်အတွင်း နို့ဦးရည်ကို တိုက်ကျွေးခြင်းသည် နို့ဦးရည်တွင် ရောဂါကာကွယ်သော ပဋိဇီဝပစ္စည်းများ အများအပြားပါဝင်သဖြင့် မွေးကင်းစကလေးငယ်အတွက် ပထမဦးဆုံးအကြိမ် ရရှိသော ရောဂါကာကွယ်ဆေးဖြစ်သည့်အပြင် အာဟာရ ပြည့်ဝလုံလောက်စေပါသည်။ ၎င်းရောဂါကာကွယ်သော သဘာဝဂုဏ်သတ္တိသည် မိခင်နို့ တစ်မျိုးတည်းတွင်သာ ပါဝင်ရာ နို့ဦးရည်တွင် ရာခိုင်နှုန်း အများဆုံးပါဝင်ပြီး နောက်ပိုင်းထွက်လာသော မိခင်နို့ရည်တွင်လည်း ပါဝင်ပါသည်။

မိခင်၏ နို့ရည်သည် ရင်သွေးငယ်အတွက် ကြီးထွားစေရန် အင်အားအပြည့်အဝပါရှိသည့်အပြင် အစာကြေလွယ်သော အစာအာဟာရ ဖြစ်ပါသည်။ နို့မှုန့်၊ နို့ဘူး စို့ရသော ကလေးများသည် နို့ဘူးကို ရေဆူအောင် မပြုတ်နိုင်၊ သန့်ရှင်းအောင် ဆေးကြောမှု မပြုနိုင်ပါက ရင်သွေးငယ်အား ရောဂါပိုးများ ဝင်ရောက်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်စေနိုင်ပါသည်။

ကလေးငယ်သည် မိခင်နှင့် အတွေ့အထိများခြင်းနှင့် မိခင်၏ ရင်ခွင်တွင်း၌ မိခင်နို့ စို့ရခြင်းကြောင့် စိတ်ခံစားလုံခြုံမှု ပိုမိုရရှိခြင်း၊ သံယောဇဉ် ပိုတွယ်ခြင်း စသည့် ကလေးငယ်၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေပါသည်။ ၎င်းအပြင် ခန္ဓာကိုယ်ကြီးထွားခြင်း နေးကွေးမှု၊ ဉာဏ်ရည်နိမ့်ကျမှုကိုလည်း ကာကွယ်စေပါသည်။

မိခင်များအတွက်လည်း အကျိုးကျေးဇူး များစွာရရှိနိုင်ပါသည်။ ကလေးငယ်အား မိခင်နို့ တစ်မျိုးတည်းကို နေ့/ည ကလေးဆာတိုင်း တိုက်ကျွေးခြင်းဖြင့် အတိုင်းအတာတစ်ခုအထိ ပဋိသန္ဓေရရှိမှုကို ကာကွယ်သဖြင့် သားဆက်ခြားခြင်းကို အထောက်အကူပြုပါသည်။ မိခင်နို့ကို ကလေးစို့သည့်အခါ ထွက်ရှိသော အောက်စီတိုစင်ဟော်မုန်းသည် မိခင်သားအိမ် ပုံမှန်အနေအထား ပြန်လည်ကျုံ့ဝင်မှုကို ဖြစ်စေသောကြောင့် မွေးဖွားပြီးစ သွေးသွန်ခြင်းမှ ကာကွယ်၍ မိခင်သေနှုန်း ကျဆင်းစေရန် အကြောင်းတရားတစ်ခုလည်း ဖြစ်ပါသည်။ အလွယ်တကူ အချိန်မရွေး အသင့်ရရှိနိုင်ခြင်း၊ အလုပ်သက်သာခြင်း၊ ခရီးသွားလာလျှင် နို့မှုန့်၊ နို့ဘူး သယ်ရသော ကရိကထမရှိခြင်းနှင့် ငွေကုန်သက်သာခြင်း အကျိုးကျေးဇူးများလည်း ရရှိနိုင်ပါသည်။

မိခင်နို့တိုက်သော မိခင်များ၌ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ ဖြစ်ပွားမှု နည်းပါးကြောင်းလည်း တွေ့ရှိရပါသည်။ နို့မှုန့်ဝယ်ရန်မလိုသဖြင့် ငွေကြေးချွေတာရာ ရောက်ပါသည်။

ဤကဲ့သို့ အဘက်ဘက်မှ အကျိုးကျေးဇူးများရရှိသောကြောင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် လက်အောက်ရှိဌာနအသီးသီးများကလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့အစည်းများက လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးနှင့် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီများ၊ မြို့နယ်အသင်းများက လည်းကောင်း ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိနေကြပါသည်။

အထူးသဖြင့် မိခင်နို့တိုက်ကျွေးခြင်းဖြင့် မိခင်သေနှုန်းကျဆင်းပြီး တစ်နှစ်အောက်ကလေး သေဆုံးမှု ကျဆင်း၍ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်များ ရရှိနိုင်ပါသည်။ သို့ပါ၍ မိခင်နို့တိုက်ခြင်းသည် ရင်သွေးငယ်များအတွက် အကျိုးကျေးဇူး များစွာရှိသလို အနာဂတ် မြန်မာနိုင်ငံတော်အတွက်နှင့် မိမိ မိသားစုအတွက်လည်း ကျန်းမာ၊ သန်စွမ်း၊ ဉာဏ်ရည်မြင့်သော မျိုးဆက်သစ်များ ပေါ်ထွန်းလာစေသဖြင့် မိခင်နို့ (တစ်မျိုးတည်း) သာ တိုက်ကျွေးရေးကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်

World Breastfeeding Week

(၁-၈-၂၀၀၄ မှ ၇-၈-၂၀၀၄)

လုံခြုံပြည့်ဝ စိတ်ချရေး

မိခင်နို့(တစ်မျိုးတည်း)သာ တိုက်ကျွေးပေး

Exclusive Breastfeeding: the Gold Standard

Safe, Sound, Sustainable

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဘိန်းမစိုက်တောင်သူများသို့ ဆန်လှူဒါန်း

ရန်ကုန် ဩဂုတ် ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးသန်းဆွေသည် မြန်မာနိုင်ငံ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် (WFP) မှ ဌာနေကိုယ်စားလှယ် Mr. Bhim Udasလိုက်ပါ၍ ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် မန်ပန်ကျေးရွာ၌ ကျင်းပသည့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ဘိန်းမစိုက်တောင်သူများသို့ ဆန်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေက ကျောင်းသုံးဗလာစာအုပ်၊ ခဲတံများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ပြီး ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ကလည်း စာသင်ကျောင်းတွင် ဆန်များဖြန့်ဝေပေးသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းတွင် ဒေသမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တန့်ယန်း–ပန်ဆန်းကားလမ်း အဆင့်မြှင့်တင်ရေး၊ ကျိုင်းတုံ–မိုင်းခတ်–မိုင်းယန်းလမ်းပြုပြင်ထိန်းသိမ်းရေး၊မိုင်းကာဒေသ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေးသည်။ မွန်းလွဲပိုင်းတွင် မိုင်းခတ်မြို့နယ်မိုင်းကာသို့ရောက်ရှိပြီးဒေသမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ လယ်ယာမြေဖော်ထုတ်ရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။

ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့်အဖွဲ့သည် ဇူလိုင်၂၆ ရက် နံနက်ပိုင်းတွင် မိုင်းကာဒေသ ပန်ယန်းကျေးရွာ၊ ဝိန်းစွန်ကျေးရွာ၊ ဝမ်ဖိုင်ကျေးရွာများသို့ သွားရောက်ပြီး လယ်ယာမြေဖော်ထုတ်ပြီးစီးမှု၊ ပညာရေး၊ ကျန်းမာရေးဆောင်ရွက်မှုများ ကြည့်ရှုပြီးလိုအပ်သည်များကူညီပံ့ပိုးပေးသည်။ ယင်းနောက် မိုင်းကာအခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီးကျောင်းဆောင်သစ် ဆောက်လုပ်မှုကို စစ်ဆေးပြီး ကျောင်းဝတ်စုံနှင့် စာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

(သတင်းစဉ်)

စီးပွား/ ကူးသန်းဂျာနယ် အတွဲ(၄)၊ အမှတ်(၁၄)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃

ဆရာ မောင်စူးစမ်း၊ ဆရာ အောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတရသဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည့် စီးပွား/ကူးသန်းဂျာနယ်အတွဲ(၄)၊အမှတ်(၁၄)ကိုအမှတ်(၃၈) လမ်း ၃၀ ပန်းဘဲတန်းမြို့နယ် စီးပွား/ကူးသန်းဂျာနယ်တိုက်မှ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ဆုချီးမြှင့်

၂၀၀၄ ခုနှစ် အကြိမ်(၃၀)မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲတွင် (၂)နှစ်ဆက်တိုက် စွယ်စုံတံခွန်စိုက်ဒိုင်း ရရှိသော ပြည်ထဲရေးဝန်ကြီးဌာန အသင်းအား ဩဂုတ် ၃ ရက်က မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်း ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ဦးမြတ်ဦး–ဒေါ်လှိုင်လှိုင် (ဘောဂီဗိုက်တာ) မိသားစုက ကျပ်သိန်း၃၃၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းသော စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်း အမှတ်(၃၄)ရှိ ညောင်တုန်းလမ်းဓမ္မာရုံ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၃၁ ရက် (ဝါဆိုလပြည့်နေ့)က အဆိုပါဓမ္မာရုံ၌ ကျင်းပရာ ဓမ္မာရုံဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးတင်ရွှေထံ အလှူရှင်မိသားစုက ဓမ္မာရုံနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်စဉ်။ (က–ပ)

ရောဝတီနှင့်ဒုဋ္ဌဝတီ မြစ်ရေကျဆင်းနိုင်

ရန်ကုန် ဩဂုတ် ၃

ရောဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် တစ်ပေခန့် စိုးရိမ်ရေမှတ်အထက်တွင်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် နှစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက်တွင်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်)၏ ပညာဘဏ်တိုက်စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပရာ အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေကျပ် ၁၃၀၀၀၀ ကို အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူ လက်ခံရယူစဉ်။ (ခရိုင်ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၃

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်တားဆီးကာကွယ်ရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အင်းစိန်လမ်းမကြီးရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာတင်မောင်ဝင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ ဝန်ထမ်းများအနေဖြင့် စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ်များ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ လှိုင်မြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်မာမာအေးက လှိုင်မြို့နယ်အတွင်း နှစ်အလိုက်၊ လအလိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုနှင့် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများဖြစ်သည့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားများကို ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် ကျင်းပပေးခြင်း၊ ကျောင်းများ၌ ခြင်၊ လောက်လန်းများကင်းရှင်းရေး ဆောင်ရွက်ခြင်း၊ လူနေရပ်ကွက်များအတွင်း ခြင်နှင့် လောက်လန်းများပေါက်ပွားခြင်းမရှိစေရန် ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေအိုင်များ၊ ရေမြောင်းများတွင် ပိုးသတ်ဆေး ဖျန်းခြင်းလုပ်ငန်းများ၊ နေ့ကလေးထိန်း ကျောင်းများတွင် ကလေးများ နေ့ခင်းအိပ်သည့်အခါ ခြင်ထောင်ဖြင့် အိပ်သည့်အလေ့အကျင့် ပြုလုပ်ပေးခြင်း၊ ခန်းဆီးများနှင့် လိုက်ကာများ ဆေးစိမ်ပေးခြင်းလုပ်ငန်းများကို တာဝန်ရှိသူ အဆင့်ဆင့်တို့က စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးကြရန် မှာကြားပြီးလိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့နှင့်အဖွဲ့သည် လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက်အတွင်း သံလမ်းနှင့် မယ်ဇီကုန်းလမ်းများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့သည် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်း၏ အစိတ်အပိုင်းဖြစ်သည့် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တို့အား ကန်ပတ်လမ်းကို ဖြတ်၍ လူကူးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်း/တံတားဌာနမှူး ဦးဗိုလ်ဌေးက လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လူကူးတံတား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) တို့အား ကန်ပတ်လမ်းကို ဖြတ်၍တည်ဆောက်လျက်ရှိသည့် လူကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများစံချိန်စံညွှန်းမီဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ဩဂုတ် ၃ ရက်က လှိုင်မြို့နယ်(၇)ရပ်ကွက်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးစဉ်။(၁၉)

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း သံလွင်တံတား(မော်လမြိုင်) ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့တွင် သံလွင်တံတား (မော်လမြိုင်)၏ မီးရထားချဉ်းကပ်တံတား လျှာထားတံတားအကြောင်းကို မော်လမြိုင်ဘက်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတာဝန်ခံ အင်ဂျင်နီယာ ဦးတင့်လွင်က မော်လမြိုင်ဘက်ကမ်းရှိ မီးရထား ချဉ်းကပ်တံတား ပီယာ (Pier) တိုင်များ၏ လျှာထားတည်နေရာများကို အသေးစိတ် ရှင်းလင်းပြသ တင်ပြသည်။

ပြန်လည်တင်ပြ

ဝန်ကြီးက မီးရထားချဉ်းကပ်တံတား၏ လျှာထား (Pier) တိုင်နေရာများ အနေနှင့် လက်ရှိမြို့ထဲတွင် အသုံးပြုလျက်ရှိသော ကားလမ်းများနှင့် ယာဉ်သွားယာဉ်လာအတွက် နှောင့်ယှက်မှုရှိမရှိပြန်လည်စိစစ်၍ သက်ဆိုင်ရာ မီးရထားဝန်ကြီးဌာနသို့ အတည်ပြုချက်ရယူပြီး ပြန်လည်တင်ပြပေးရန် မှာကြားသည်။

ထို့နောက်သံလွင်တံတား(မော်လမြိုင်)၏ ချဉ်းကပ်ကားလမ်းနှင့် လက်ရှိလမ်းမကြီးများ ဆုံရာနေရာတွင်လိုအပ်သော (Junction Design) ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ပင်မတံတား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သံလွင်တံတား(မော်လမြိုင်)ပင်မတံတားပေါ်သို့ ချဉ်းကပ်တံတားမှတစ်ဆင့် မော်တော်ယာဉ်များနှင့် တက်ရောက်ကာ မကြာမီ ဖွင့်လှစ်တော့မည့် သံလွင်တံတား(မော်လမြိုင်) ဖွင့်ပွဲအခမ်းအနားတွင် လိုအပ်သော ပြင်ဆင်မှုများနှင့်ပတ်သက်၍ မှာကြားသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပသော ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးက ပြည်နယ် ဘိုးဘွားရိပ်သာအတွက် အလှူငွေများကို ပေးအပ်ရာ ရိပ်သာစောင့်ရှောက်ရေး အဖွဲ့ဝင်များကလည်းကောင်း၊ လွိုင်ကော်မြို့ပေါ်ရှိ အထက်တန်းကျောင်းများ အတွက် ကျောင်းသုံးဗလာစာအုပ်များကိုပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးများက လည်းကောင်း လက်ခံယူကြသည်။ ဆက်လက်၍ ဝန်ကြီးက လေးဘာသာ၊ သုံးဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယက ဒေါ်ခိုင်သက်မွန်နှင့် တာဝန်ရှိသူများက ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဒီမောဆိုမြို့နယ်၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းတည်ဆောက်ခဲ့သော ဒေါ်ခါး(၄) ကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက အလှူငွေနှင့် ကျောင်းသုံးဗလာစာအုပ်များကိုပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လေးလျှံဝင်းက လက်ခံသည်။ ထို့နောက် ပြည်နယ်ပညာရေးမှူး ဦးဝင်းတင့်က ပညာရေး ဆောင်ရွက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ကျေးရွာမှ ဦးဇေယျာက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက်ဝန်ကြီးသည်ဒေါ်ခါးကျေးရွာ အလယ်တန်းကျောင်းသို့ ရောက်ရှိ၍ ဆရာ၊ ဆရာမများအား တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

ရန်ကုန် – ပဲခူး – ရန်ကုန် တာဝေး စက်ဘီးပြိုင်ပွဲကျင်းပရေး ရှင်းလင်း

ရန်ကုန် ဩဂုတ် ၃

အားကစားဝန်ကြီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီတို့ ပူးပေါင်းကျင်းပမည့် ရန်ကုန်–ပဲခူး–ရန်ကုန် မိုးရာသီ (တာဝေး)စက်ဘီးပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီခွဲက အမျိုးသားအားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။**(ဓါတ်ပုံ)** ယင်းနောက် အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြင့်ဟန်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော စာနယ်ဇင်းများမှ သိလိုသည်များကို တာဝန်ရှိသူများက ဖြေကြားကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ပြိုင်ပွဲတွင် ဆုကြေးအဖြစ် ပထမ ကျပ်ငါးသိန်း၊ ဒုတိယ ကျပ်လေးသိန်း၊ တတိယ ကျပ်သုံးသိန်း၊ စတုတ္ထ ကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုခြောက်ဆု ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲကို ဩဂုတ် ၇ ရက် နံနက် ၆ နာရီတွင် သုဝဏ္ဏဘောလုံးကွင်းရှေ့ ဝေဇယန္တာလမ်းမပေါ်မှစတင်တာလွှတ်ပြီး ပြည်လမ်း ထောက်ကြန့် ဒေဝူးအထည်ချုပ်စက်ရုံရှေ့၌ပန်းဝင်ကာ အောင်ဆန်းကွင်း၌ ဆုများချီးမြှင့်မည်ဖြစ်သည်။ ယနေ့အထိစာရင်းပေးသွင်းထားသည့် ကစားသမားဦးရေမှာ အမျိုးသား ၁၃၀ဦးနှင့် အမျိုးသမီး ၁၈ဦး ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်သည် မြန်မာ့စက်ဘီးအားကစား တိုးတက်မြင့်မားရေးနှင့် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင် အောင်နိုင်ရေးအတွက် ယခုပြိုင်ပွဲကိုကျင်းပခြင်းဖြစ်ပြီး နယ်များ၌လည်း ပြိုင်ပွဲများဆက်လက်ကျင်းပကာ ကစားသမားများရှာဖွေမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

အခြေခံပညာ မူလတန်းအဆင့် ဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၃

အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ပဥ္စမအကြိမ်မြောက် အခြေခံပညာမူလတန်းအဆင့် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ကမာရွတ်မြို့နယ် သထုံလမ်းရှိ တက္ကသိုလ်များအားကစားကွင်း၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း တက်ရောက် အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား အားကစားအသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၊ Sweety Home Co., Ltd. မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း ဝန်ကြီးဗိုလ်ချုပ်စိန်ထွား သင်တန်းကျောင်းများလှည့်လည်စစ်ဆေး

ရန်ကုန် ဩဂုတ် ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်လိုက်ပါ၍ ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းဧည့်ခန်းမ၌ ကျောင်းအုပ် ဒေါ်မြင့်မြင့်လှိုင်က ကျောင်း၏ ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော မိန်းကလေးများအား ပြုစုစောင့်ရှောက်မှု၊ ပညာသင်ရေးလေ့ကျင့်ပေးမှုအခြေအနေ၊ ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်မှု အခြေအနေ၊ တက္ကသိုလ်ပညာ သင်ကြားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် အခြေခံပညာမူလတန်းကျောင်း အမှတ်(၂၈)တွင် မူလတန်းပညာ သင်ယူနေသောကလေးငယ်များအားလည်းကောင်း၊ စက်ချုပ်ပညာသင်ခန်းတွင် စက်ချုပ်ပညာ သင်ယူနေမှုကိုလည်းကောင်း ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန စံပြရင်သွေးအိမ် မူလတန်းကြိုကျောင်းသို့ သွားရောက်၍ မူကြိုရင်သွေးငယ်များ တေးသီချင်းဂီတဖြင့် သင်ယူမှုအခန်း၊ ကစားနည်းဖြင့် သင်ယူမှုအခန်း၊ ကွန်ပျူတာဖြင့် သင်ယူမှု အခန်းများကို ကြည့်ရှုစစ်ဆေးပြီး မူကြိုအရွယ်ကလေးငယ်များအား သင်ရိုးညွှန်းတမ်းနှင့် အညီပြုစုပျိုးထောင်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေ့ဦးစွာ ရှင်းလင်းဆောင်၌ အုပ်ချုပ်ရေးမှူး ဒေါ်ထွေးမြင့်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော အမျိုးသမီးများအား ပညာသင်ကြားရေး၊ အသက်မွေးမှုပညာရပ်များ သင်ကြားပေးရေး၊ အလုပ်အကိုင်နေရာချထားမှုနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ကျောင်းသူများအား အာဟာရဖြစ်အောင် စနစ်တကျ ကျွေးမွေးရေး၊ ကျန်းမာရေး စနစ်တကျ စောင့်ရှောက်မှုပေးရေး၊ လိမ္မာရေးခြားရှိအောင် သွန်သင်ဆုံးမပဲ့ပြင်မှုပေးရေး၊ မိမိဘဝ ကောင်းမွန်မှန်ကန်မှုများဖြင့် ရပ်တည်နိုင်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန အတွင်းရှိ ထမင်းစားဆောင်၊ အိပ်ဆောင်များ၊ ရုပ်တုငယ်များ၊ အလုပ်ရုံ၊ အဝတ်အထည် အရောင်းပြခန်း၊ ရက်ကန်းအလုပ်ရုံ၊ Art and Deco အရောင်းပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသွားသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်အဖွဲ့ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန ရက်ကန်းအလုပ်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (လူမှုဝန်ထမ်း)

အနတ္တလက္ခဏသုတ်တရားတော် အသံလွှင့်ဟောကြားတော်မူမည်

ရန်ကုန် ဩဂုတ် ၃

၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၅ရက်၊ ဩဂုတ် ၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် မြန်မာ့အသံမြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရ အမှူးပြုသော ဆရာတော်ငါးပါးတို့က အနတ္တလက္ခဏသုတ် တရားတော်နှင့် အနတ္တလက္ခဏသုတ် ပါဠိတော်များကို အသံလွှင့် ဟောကြားတော်မူကြမည် ဖြစ်သည်။

(သတင်းစဉ်)

ရခိုင်ကမ်းလွန်ဒေသမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်ရန် မြန်မာ–ကိုရီးယားနှင့် အိန္ဒိယကုမ္ပဏီတို့ ဆွေးနွေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၃

ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် အေ–၁ ၌ တွေ့ရှိထားပြီးဖြစ်သော သဘာဝဓာတ်ငွေ့များကို ထုတ်ယူအသုံးချနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas-LNG) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့် CEO Mr. Tae-Yong Lee ဦးဆောင်သောတာဝန်ရှိသူများအကြား ဆွေးနွေးမှုများကို ယနေ့ မွန်းလွဲ ၁နာရီတွင် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးညှိနှိုင်း

အလားတူရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် အေ–၁ နှင့် အေ–၃ တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ဦးဆောင်၍ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့် CEO Mr. Tae-Yong Lee ဦးဆောင်သော တာဝန်ရှိသူများနှင့် Korea Gas Corporation (KOGAS) Senior Vice President Mr. Kwang-Jin Kim ဦးဆောင်သော တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံ ONGC Videsh ကုမ္ပဏီဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး Mr. R.S. Butola ဦးဆောင်သော တာဝန်ရှိသူများနှင့်၊ GAIL ကုမ္ပဏီဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး Mr. P. Banerjee ဦးဆောင်သော တာဝန်ရှိသူများအကြား ဆွေးနွေးညှိနှိုင်းမှုကို ညနေ ၄ နာရီတွင် ပြုလုပ်သည်။

(သတင်းစဉ်)

ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် အေ–၁ နှင့် အေ–၃ တို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိဦးဆောင်၍ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့် CEO Mr.Tae-Yong Lee ဦးဆောင်သော တာဝန်ရှိသူများနှင့် Korea Gas Corporation (KOGAS) Senior Vice President Mr. Kwang-Jin Kim ဦးဆောင်သော တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံ ONGC Videsh ကုမ္ပဏီဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး Mr. R.S.Butola ဦးဆောင်သော တာဝန်ရှိသူများနှင့် GAIL ကုမ္ပဏီဥက္ကဋ္ဌနှင့်ဦးဆောင်ညွှန်ကြားရေးမှူး Mr. P.Banerjee ဦးဆောင်သော တာဝန်ရှိသူများအကြား ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ကြစဉ်။ (စွမ်းအင်)

နှမ်း၊ ကြက်သွန်၊ ငရုတ် အဓိကသီးနှံသုံးမျိုး စိုက်ပျိုးထုတ်လုပ်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၃

မကွေးတိုင်းအတွင်း နှမ်း၊ ကြက်သွန်၊ ငရုတ် အဓိကသီးနှံသုံးမျိုး စိုက်ပျိုးထုတ်လုပ်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေး ခန်းမ(၁)၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးကုမ္ပဏီများမှ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းက မကွေးတိုင်းအတွင်း နှမ်း၊ ကြက်သွန်၊ ငရုတ် အဓိကသီးနှံသုံးမျိုးကို စိုက်ပျိုးရေးကုမ္ပဏီများမှ စိုက်ပျိုးထားရှိမှုနှင့် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး ကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော စိုက်ပျိုးရေးလုပ်ငန်းရှင်များက စိုက်ပျိုးထုတ်လုပ်မည့်မြေအခြေအနေ၊ အကျယ်အဝန်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အာဆီယံရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၃

၂၀၀၄ခုနှစ် ဇူလိုင်လအတွက် မြန်မာ့အသံရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်းသိကောင်းစရာများအတွက် အာဆီယံဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ကျင်းပရာ ဝါသနာရှင်များဝင်ရောက်ဖြေဆိုကြသည်။ ဖြေဆိုသူများအနက် ပထမဆုကို ဦးတင်ဝင်း (သဃ်္ကန်းကျွန်းမြို့နယ်)၊ ဒုတိယဆုကို မသဇင်အေး(အင်းစိန်မြို့နယ်)၊ တတိယဆုကို မအိရွှေစင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ နှစ်သိမ့်ဆုကို မောင်သင်းနိုင်ဦး (မကွေးတိုင်း၊ မကွေးမြို့)တို့က အသီးသီးရရှိပြီး ဆုများကို တာဝန်ရှိသူက ပေးအပ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ASEAN In Action စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အကြောင်း သိကောင်းစရာများကိုလည်း အပတ်စဉ် စနေနေ့နံနက် ၉နာရီ ၄၅မိနစ်တွင် ထုတ်လွှင့်လျက်ရှိသည်။

လစဉ်ပြုလုပ်လျက်ရှိသော ASEAN Radio Quiz ပြိုင်ပွဲများမှ ဩဂုတ်လအတွက်ပြိုင်ပွဲကို စက်တင်ဘာ ၂ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ပြုလုပ်မည်ဖြစ်၍ ဖြေဆိုလိုသူများသည် နံနက် ၉နာရီခွဲအရောက် မြန်မာ့အသံသို့ လာရောက်သတင်းပို့ကြရန်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၄ – ၂၀၀၅ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၄ ခု၊ ဩဂုတ်လ (၉)ရက်မှ (၁၃)ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃

၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂ ရက် ညနေ ၄ နာရီတွင် မိတ္ထီလာမြို့ မြေပြင်အတတ်သင် လေတပ်စခန်းရှိ အားကစားကွင်း၌ ကျင်းပရာ လေကြောင်းအတတ်သင်လေတပ်စခန်းနှင့် မြေပြင်အတတ်သင် လေတပ်စခန်းတို့မှ လေတပ်စခန်းမှူးများနှင့် အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြပြီး ဆုရအသင်းများနှင့် အားကစားသမားများအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီး သူရခင်မောင်ဝင်းက ဆုများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မြေပြင်အတက်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီး သူရခင်မောင်ဝင်း ပထမဆုရအသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

❍ ချစ်ကြည်ရေးခြေစမ်းပွဲမှ

အဖွဲ့ချုပ်လက်ရွေးစင်အသင်းသည် ကစားကွက်၊ အပေးအယူ အချိတ်အဆက်ကအစ သာလွန်၍ တစ်ဦးချင်းလည်း ပိုမိုကောင်းလာပြီး ဂိုးသွင်းစွမ်းရည် တက်လာသဖြင့် ပြိုင်ဘက် Mohun Bagan XI အသင်းကို ဂိုးပြတ် အနိုင်ရရှိသွားခြင်း ဖြစ်သည်။

အဖွဲ့ချုပ်လက်ရွေးစင်အသင်းသည် ပထမပိုင်းတွင် စိုးရိမ်စိတ်များနေ၍ ကစားကွက်အံမဝင်ဖြစ်နေခဲ့သော်လည်း ဒုတိယပိုင်းတွင် ကစားကွက်မိမိဖြင့် ကစားနိုင်ခဲ့သည်။ တစ်ချက်ထိ အမြန်တွဲလုံးများဖြင့် တိုက်စစ်ဆင်မှုကလည်း ထိရောက်ခဲ့သည်။ နောက်တန်းကလည်း ခပ်မာမာ ကစားနိုင်ခဲ့သည်။ ဘရာဇီးနိုင်ငံမှ ကြေးစားကစားသမားနှစ်ဦးပါဝင်လာသည့် Mohun Bagan XI ဘောလုံးအသင်းသည် ယနေ့ပွဲ၌ အဖွဲ့ချုပ် လက်ရွေးစင်အသင်း၏ မလွတ်တမ်း ထိန်းကပ်ဖျက်ထုတ်မှုကြောင့် ကစားကွက်မမိဘဲ ဂိုးပြတ် ရှုံးသွားရခြင်းဖြစ်သည်။

ပွဲအစ၌ အဖွဲ့ချုပ်လက်ရွေးစင်အသင်းတွင် ဂိုးသမား အောင်အောင်ဦးဖမ်းပြီး နောက်တန်းညာအစွန်၌ မင်းသူ ကစားကာ အတွင်းလူအဖြစ် အသင်းခေါင်းဆောင် စိုးမြတ်မင်းနှင့် ထပ်မံခေါ်ယူအားဖြည့်ထားသည့် မိုးကျော်သူတို့ တွဲကစားပြီး အောင်ဇော်မျိုးက ဘယ်တောင်ပံ၌ ကစားသည်။ အလယ်တန်း၌ အောင်ကျော်မိုး၊ ဇော်ဇော်၊ စန်းမောင်၊ မာလတို့ကစားကြသည်။ တိုက်စစ်တွင် ထွန်းမင်းဦးကို ရှေ့ဆုံး၌ တည်ထားပြီး ရန်ပိုင်က နောက်မှ ရံကစားကာ ၄-၄-၁-၁ ကစားကွက်ပုံစံဖြင့် ယှဉ်ပြိုင်ခဲ့သည်။

Mohun Bagan အသင်းကလည်း ဘရာဇီး ကစားသမားများဖြစ်သည့် နံပါတ်(၂၀) Rugis Carlox အား တိုက်စစ်၌တင်ထားပြီး နံပါတ်(၂၈) Edursdo Chakom က အလယ်တန်းခံစစ်နေရာ၌ ကစားပြီး ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်လာသည်။

ပထမပိုင်း မိနစ် ၂၀တွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းအဖွင့်ဂိုးရရှိခဲ့သည်။ မာလ ကွင်းလယ်စည်းကျော်ကျော်မှ တောက်လျှောက်ဆွဲပြေးပြီး နောက်ခံလူသုံးဦးကို ကျော်ဖြတ်၍ မနားတမ်းကန်သွင်းရာ ဂိုးသမားကာကွယ်ပုတ်ထုတ်ရာမှ ပြန်ထွက်လာစဉ် တိုက်စစ်မှူး ထွန်းမင်းဦးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပိုင်းတွင် Mohun Bagan အသင်းက တစ်ကျော့ပြန်တိုက်စစ်ဆင်ကစားလာနိုင်သော်လည်း အဖွဲ့ချုပ်လက်ရွေးစင်အသင်း နောက်ခံလူများ ကာကွယ်ဖျက်ထုတ်မှုကောင်းပြီး ဂိုးသမား အောင်အောင်ဦးကလည်း သေချာပေါက် ဂိုးတစ်ဂိုးကို ကာကွယ်နိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက တစ်ဂိုးအသာဖြင့် အနိုင်ရနေသည်။

ဒုတိယပိုင်းတွင် အဖွဲ့ချုပ် လက်ရွေးစင်အသင်းသည် ပထမပိုင်းထက် ကစားကွက်ရော အချိတ်အဆက်ပါ ပိုမိုလာသည်။

ဒုတိယပိုင်း ခြောက်မိနစ်တွင် အောင်ဇော်မျိုး ကန်တင်ပေးသော ပြစ်ဒဏ်ဘောမှတစ်ဆင့် အသင်းခေါင်းဆောင် စိုးမြတ်မင်းက အသင်းအတွက် ဒုတိယဂိုးသွင်းယူလိုက်သည်။ မြန်မာနောက်တန်းက ထိန်းကပ်ထားမှုကြောင့် စိတ်ကြိုက်မလှုပ်ရှားနိုင်သော ဘရာဇီးဘောလုံးသမား Carlox ကို ၁၃မိနစ်၌ လူစားလဲလိုက်သည်။

အဖွဲ့ချုပ်လက်ရွေးစင်အသင်းကလည်း ၁၄မိနစ်၌ စန်းမောင်အစား ဘိုဘိုအောင်၊ ၂၄မိနစ်၌ ထွန်းမင်းဦးအစား ဇော်ထိုက်၊ ၂၅မိနစ်၌ အောင်ဇော်မျိုးအစား စိုးလင်းထွန်းတို့ကိုထည့်ကာ တိုက်စစ်အား မြှင့်တင်လာခဲ့သည်။ ၂၆မိနစ်တွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှ ရန်ပိုင်အား တစ်ဖက်အသင်းမှ ဘရာဇီးနိုင်ငံသား နံပါတ်(၂၈) Chakomတို့ ခေါင်းချင်းယှဉ်အတိုက်၌ တံတောင်ဖြင့်တိုက်၍ ဒုတိယအဝါကတ်ထိပြီး နှစ်ဝါ၊ တစ်နီဖြင့် အထုတ်ခံရသည်။ ၂၇မိနစ်တွင် ပိုင်နယ်တီစည်းအနီးမှရရှိသောပြစ်ဒဏ်ဘောကို စိုးမြတ်မင်း ကန်သွင်းရာ ဂိုးသမားကာကွယ်၍ ပြန်ထွက်လာစဉ် ရန်ပိုင်က ပြေးပိတ်လိုက်၍ အဖွဲ့ချုပ်လက်ရွေးစင်အသင်း တတိယဂိုး ရရှိခဲ့သည်။

အဖွဲ့ချုပ် လက်ရွေးစင်အသင်းက ဂိုးထပ်မံရရှိရေးအတွက် ၃၁မိနစ်၌ ဇော်ဇော်အစား မျိုးမင်းထွန်း၊ မိနစ်၄၀၌ မာလအစား ကျော်ဇင်ဝင်းတို့ကို ထည့်ကာ တိုက်စစ်အား ထပ်မံမြှင့်တင်ခဲ့သည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်းအတွက် စတုတ္ထနှင့် ပွဲသိမ်းဂိုးကို လေလွင့်ချိန်များအတွက် ထပ်ဆောင်းဖြည့်ပေးချိန် နှစ်မိနစ်တွင် ဇော်ထိုက်ပေးသော ဘောလုံးကို ကျော်ဇင်ဝင်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် Mohun Bagan XI အသင်းမှ သေချာပေါက်ကန်သွင်းသော ဘောလုံးကို အောင်အောင်ဦး အစွမ်းပြကာကွယ်ခဲ့ရသည်။

ပွဲအပြီးတွင် ကြေးမုံက ယနေ့ပွဲနှင့်ပတ်သက်၍ အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်။ အသင်းအုပ်ချုပ်သူ ဦးခင်မောင်ကြိုင်က "နှစ်သင်းစလုံး ကြိုးစားကစားခဲ့ကြောင်း၊ မိမိတို့အသင်း ပထမပိုင်းတွင် ဘောလုံးပေးမှုများမှာ လောကြီးနေကြောင်း၊ ဒုတိယပိုင်းတွင် ကစားကွက်မိလာ၍ ဂိုးများထပ်မံရရှိခဲ့ကြောင်း၊ မိမိတို့နောက်တန်း ယနေ့ပွဲတွင် ကစားပုံကောင်းပါကြောင်း၊ အလယ်တန်းပါ ယခုထက် ပိုကောင်းလာမည်ဆိုလျှင် အသင်းမှာ ပိုမိုကောင်းလာနိုင်ကြောင်း၊ ဒုတိယပိုင်းတွင် လူများများလဲ ကစားပြီး ကစားကွက်နှင့် အံဝင်အောင် စမ်းသပ်ကစားခဲ့ကြောင်း၊ ထပ်မံခေါ်ယူထားသည့် မိုးကျော်သူလည်း အသင်းနှင့် အံဝင်အောင်ကစားနိုင်ခဲ့ကြောင်း" ပြောကြားသွားသည်။

နည်းပြချုပ် ဦးတင်ဟန်က "ပထမပိုင်းတွင် မိမိတို့အသင်း ကစားကွက်ပျက်ပြီး အပေးအယူမှားနေကြကြောင်း၊ အလယ်တန်းကလည်း အနည်းငယ်ပျက်နေ၍ တိုက်စစ်ကို မပံ့ပိုးနိုင်ခဲ့ကြောင်း၊ ဒုတိယပိုင်းတွင် ရှေ့တန်းနှင့် အလယ်တန်း အချိတ်အဆက်မိသွား၍ ကစားကွက် ပိုကောင်းလာကြောင်း၊ ခံစစ်ပိုင်းကိုလည်း အားရမိကြောင်း၊ တစ်ဖက်အသင်းမှာ ကြံခိုင်မှုနည်းပြီး အဝေးဘောများ အများဆုံးအသုံးပြုကစားခဲ့ကြောင်း၊ နည်းဗျူဟာမပြောင်းလဲခဲ့၍ မိမိတို့အသင်း ပိတ်ဆို့ရလွယ်သွားကြောင်း၊ ဒုတိယပွဲတွင် ယနေ့ပွဲ မကစားရသူများကို ဦးစားပေးပွဲထုတ်ရန် ကြိုးစားနေကြောင်း" ပြောကြားသွားသည်။

ဩဂုတ် ၅ ရက်တွင် ချစ်ကြည်ရေး ဒုတိယပွဲအဖြစ် အဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်းနှင့် Mohun Bagan XI အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

ဒုတိယပွဲတွင် ယနေ့ မကစားရသူများကို ဦးစားပေး ပွဲထုတ်သွားမည်ဖြစ်ကြောင်း နည်းပြချုပ် ဦးတင်ဟန် ကြေးမုံသို့ ပြောကြားစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မိမိတို့နောက်တန်း ယနေ့ပွဲတွင် ကစားပုံကောင်းပါသည်ဟု ပြောကြားသည့် မြန်မာအသင်းအုပ်ချုပ်သူ ဦးခင်မောင်ကြိုင်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

Mohun Bagan XI အသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသော အဖွဲ့ချုပ် လက်ရွေးစင်အသင်း (နောက်တန်း ဝဲမှယာ)အောင်ဇော်မျိုး၊ အောင်အောင်ဦး၊ မာလ၊ ထွန်းမင်းဦး၊ အောင်ကျော်မိုးနှင့် အသင်းခေါင်းဆောင် စိုးမြတ်မင်း(ရှေ့တန်း ဝဲမှယာ)ရန်ပိုင်၊ မင်းသူ၊ ဇော်ဇော်၊ စန်းမောင်နှင့် မိုးကျော်သူတို့အား တွေ့ရစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

အေးချမ်းအောင်မြင်ဝေကျောင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် နေမျိုးသူရလမ်း အေးချမ်းအောင်မြင် ဝေကျောင်းတွင် သီတင်းသုံးတော်မူသော ဗုဒ္ဓဂယာမှ ဆုတောင်းပြည့် အေးချမ်းအောင်မြင် အုတ်ခွက်ဘုရားကြီးအား အမှူးထား၍ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုဂန္ဓ နှင့် ဘဒ္ဒန္တဇောတိက အရှင်သူမြတ်တို့က သံဃာတော်အပါး ၁၂၀တို့အား နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၇ရက် (စနေနေ့) နံနက် ၈နာရီမှ မွန်းလွဲ ၁နာရီအထိကျင်းပမည်ဖြစ်၍ ကြွရောက်ကြည်ညိုကြပါရန်နှင့် ဝါဆိုသင်္ကန်း လှူဒါန်းလိုသူများသည် အေးချမ်းအောင်မြင်ဝေကျောင်း ဖုန်း-၀၉-၈၀-၃၁၂၇၁၊ ၀၉-၈၀-၃၂၃၀၃ နှင့် ၇၂၄၄၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

"ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေး" စာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၃

ဗိုလ်မှူးကြီးစန်းပွင့် ရေးသားပြုစုသော "ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေး"အမည်ရှိ တပ်မတော်ခေါင်းဆောင်များ၊ သံတမန်တာဝန်ထမ်းဆောင်သူများ၊စုံစမ်းထောက်လှမ်းမှုဆိုင်ရာ တာဝန်ထမ်းဆောင်ရသူများ အနေဖြင့် အထူးအလေးထား ဖတ်ရှုသင့်သော ရှေးဟောင်း သမိုင်းသုတေသန စာအုပ်ကို စမ်းရေကြည်စာပေ၊ တစ်ဆင့် ဖုန်း-၃၇၉၈၁၇ က ဖြန့်ချိထားသည်။
(ယာပုံ) (က-ပ)

ဘောလုံးဝါသနာရှင်များ အပြန်ခရီးစဉ် အဆင်ပြေချောမွေ့စေရေး ချစ်ကြည်ရေးခြေစမ်းပွဲအပြီး မော်တော်ယာဉ်များ စီစဉ်ထားမည်

ရန်ကုန် ဩဂုတ် ၃

မြန်မာ-အိန္ဒိယနှစ်နိုင်ငံချစ်ကြည်ရေးခြေစမ်းဘောလုံးပွဲအဖြစ် ယနေ့ညနေ ၄နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပဏာမမြန်မာ့လက်ရွေးစင်အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်အပြီးတွင် ဘောလုံးဝါသနာရှင်ပရိသတ်များ အပြန်ခရီးစဉ်အဆင်ပြေချောမွေ့စေရေးအတွက် ဝေဇယန္တာလမ်းဂိတ်မှ သာကေတ၊ ပုဇွန်တောင်၊ ဆူးလေ၊ ကြည့်မြင်တိုင်သို့ လေးစီး၊ ဝေဇယန္တာဂိတ်မှ တောင်ဥက္ကလာပနှင့် မြောက်ဥက္ကလာပသို့ ငါးစီး၊ လေးဒေါင့်ကန် ပွဲ့နပေါက်ဂိတ်မှ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)သို့ ငါးစီး၊ လေးဒေါင့်ကန် ပွဲ့နပေါက်ဂိတ်မှ တာမွေ၊ မြေနီကုန်း၊ အင်းစိန်သို့ သုံးစီး၊ လေးဒေါင့်ကန် ပွဲ့နပေါက်ဂိတ်မှ သိမ်ဖြူ၊ ဆူးလေ၊ မော်တင်သို့ သုံးစီး စုစုပေါင်း မော်တော်ယာဉ်အစီးရေ ၂၀ ပြေးဆွဲပေးခဲ့သည်။

ဩဂုတ် ၅ရက် ညနေ ၄နာရီတွင် အဖွဲ့ချုပ်လူငယ် ညွှန့်ပေါင်းအသင်းနှင့် အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ်အသင်းတို့သည်လည်းကောင်း၊ ဩဂုတ် ၇ရက် ညနေ ၄နာရီတွင် ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ်အသင်းတို့သည်လည်းကောင်း လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘောလုံးဝါသနာရှင် ပရိသတ်များ အပြန်ခရီး၌ အဆင်ပြေချောမွေ့စေရေးအတွက် ကားစီးရေလုံလောက်စွာ စီစဉ်ပေးသွားမည်ဖြစ်သည်။ (က-ပ)

တိပိဋကဓရတိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သုန္ဒရအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်တိုင်ရွာဇာတိ ရန်ကုန်တိုင်း သဃ်န်းကျွန်း မြို့နယ် စွန်းလွန်းဂူ ဝိပဿနာ ကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် ဆရာတော် အရှင်သုန္ဒရအား ဂုဏ်ပြုပူဇော်ပွဲကို ဇူလိုင် ၂၄ရက်နံနက်က မြို့နယ်ခန်းမ၌ကျင်းပသည်။

အဆိုပါပူဇော်ပွဲတွင် ဆရာတော်အား မြို့နယ်ဥက္ကဋ္ဌ ဦးလှသန်းနှင့် မြို့မိမြို့ဖ ဦးညွှန့်ခင်တို့က မြိုင်မြို့နယ်ကိုယ်စား နဝကမ္မအလှူငွေကျပ် ရှစ်သိန်း ဆက်ကပ်လှူဒါန်းရာ ဆရာတော်က မြိုင်မြို့ ဆောက်လုပ်ဆဲ ပရိယတ္တိစာသင်တိုက်အတွက် အလှူငွေကျပ်ခုနစ်သိန်းနှင့်မြိုင်အထက သို့ ချို့တဲ့ကလေးပညာသင်စရိတ် ကျပ်တစ်သိန်းတို့ကို ပြန်လည်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အလားတူ ဆရာတော်၏ မွေးရပ်ဇာတိ ကျောက်တိုင်ရွာ၌လည်း စုပေါင်းဂုဏ်ပြုပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပရာ လှူဒါန်းငွေကျပ်နှစ်သိန်းကျော်ကို ကျေးရွာကိုယ်စား မြို့နယ်ဥက္ကဋ္ဌ ဦးလှသန်းက ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ကျေးလက်သာယာရေးလမ်းအတွက် ပြန်လည် လှူဒါန်းခဲ့သည်။ (က-ပ)

ဇူလိုင် ၂၄ရက်က မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် မင်္ဂလာသီရိအုဋ္ဌကျောင်းမှ ပရိယတ္တိ သာသနဟိတ(သကျသီဟ) မြွှာစရိယဘွဲ့တော်ရ အရှင်ဣန္ဒကာလင်္ကာရာဘိဝံသအား ပရိယတ္တိ သာသနဟိတအသင်းမှ ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် ဧပါကလူကြီးများ ဘွဲ့လက်မှတ်ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ချမ်းမြေ့ရိပ်သာ(မှော်ဘီ)ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဩဂုတ် ၃

မှော်ဘီမြို့ ချမ်းမြေ့ရိပ်သာကျောင်း၌ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလကွယ်၊ ဩဂုတ် ၁၅ ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်အသီးသီးအား ဖိတ်ကြားထားကြောင်းနှင့် နံနက်၇နာရီမှစ၍ အလှူရှင်များ ဆက်ကပ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ (က-ပ)

မှတ်သားဖွယ်ရာမိုးရေချိန်

(၃-၈-၂၀၀၄)

ရေး	-	၄ ဒသမ ၄၅ လက်မ
ဖျာပုံ	-	၃ ဒသမ ၅၀ လက်မ
သထုံ	-	၂ ဒသမ ၇၂ လက်မ
ထားဝယ်	-	၁ ဒသမ ၅၇ လက်မ



သာကေတမြို့နယ် အလက (၇)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီနှင့်ဆရာ၊ဆရာမများ ဇူလိုင် ၃၀ရက်က သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်ကြစဉ်။ (က-ပ)

မွေးနေ့မင်္ဂလာဆုမွန်

ချစ်ဇနီး **ဒေါ်စန်းစန်းလွင်(မီးမီး)**၏ ၄-၈-၂၀၀၄ ရက်နေ့တွင် ပြည့်မြောက်သည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် ဘဝခရီးတစ်လျှောက် ကျန်းမာ ချမ်းသာစွာဖြင့် ပါရမီ ဖြည့်နိုင်ပါစေကြောင်း။

ချစ်ခင်ပွန်း - ကိုဦး
ချစ်သားကြီး - ကျော်မိုးသက်
ချစ်သားငယ် - အောင်ရဲထွန်း

အာရှမော်တော်ဝပ် (စ်)
Asia Motor Works
Toyota Chaser
Mercedes Benz (200)
Mazda Sedel 5k
Fiat 1100

မွေးနေ့ဆုတောင်း

ချစ်ဖေဖေနဲ့ ချစ်မေမေတို့ရဲ့ တစ်ဦးတည်းသောချစ်သားလေး **မောင်ဟိန်းဇေယျာထွန်း**၏ ၄-၈-၂၀၀၄ ရက်နေ့တွင် ကျရောက်သော (၄)နှစ်ပြည့်မွေးနေ့မင်္ဂလာမှသည် ဘဝတစ်လျှောက်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် အောင်မြင်မှုအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်တောင်းလျက်-

ချစ်ဖေဖေ - ဗိုလ်မှူးထွန်းထွန်း
ချစ်မေမေ - ဒေါ်ပွင့်ပွင့်မျိုး

GCE
Commencing Date : August 2004
☎ 212357, 252821

ဆရာငွေ အင်္ဂလိပ်စာသင်တန်း

Q . E . L . C
4 SKILLS ENGLISH (Basic)
AUG (9, 28, 30)
Intermediate 4 Skills. Aug (28)
English Skills Foundation. Aug(1)
IELTS, AUG (14, 28) / TOEFL, AUG (16) / Writing

Yangon's Newest Restaurant
serving Indonesian Cuisine opening soon
We are seeking energetic and enthusiastic people
to join our team for the following positions
(for Local Service Only)
Restaurant Manager & Assistant Restaurant Manager
Male between 25-40 years of age
Minimum of 3 years continuous experience in a similar position
Friendly personality & attractive appearance
Proficient verbal and written English is essential
Good managerial and communication skills
Personal Assistant & Secretary
between 30-40 years of age
Minimum of 3 years continuous experience in a similar position
Proficient verbal and written English is essential
Well organized & Good initiative
Good Managerial and communication skills
Manager
Minimum of 3 years continuous experience in a similar position
Friendly personality & attractive appearance
Proficient verbal and written English is essential
Good knowledge of wines & cocktails
Restaurant Wait Staff & Bartenders
Minimum of 1 year experience in a similar position
Outgoing personality & attractive appearance
Good Knowledge of spoken & written English
Food & Beverage Purchasing & Costing Manager
Minimum of 3 years continuous experience in a similar capacity essential
Must have an excellent track record in previous employment
Good Knowledge of spoken & written English
Accountant/ Admin Manager(Female)
Minimum of 3 years continuous experience in a similar capacity essential
Must have an excellent track record in previous employment
Good Knowledge of spoken & written English and computer skills
LCCI Level III or B.Com.
Restaurant Cashiers & Receptionists
Minimum of 1 year experience in a similar position
Outgoing Personality & attractive appearance
Good knowledge of spoken & Written English
Head Chef
Minimum of 3 years continuous experience in a similar position in Asian kitchen
Good knowledge of spoken & Written English
Able to lead our Kitchen Team and to organize food & daily market purchasing
Sous Chefs, Kitchen Cooks, Kitchen Staff
Minimum of 2 years continuous experience in similar position
Restaurant Service & Support Staff
Driver, Gardeners, Cleaners
Security Staff & Doormen
Maintenance Supervisor
Interested candidates who meet the requirements should send a CV with a recent photograph. Please indicate clearly details of your qualifications and include copies of your education and training certificates, previous employment references and labor registration card. Please also provide a telephone number and your expected salary.
All applications should be sent to P.O.Box no. 740 not later than 17 August 2004.
Short listed candidates will be contacted by telephone and invited interview.

အမည်ပြောင်းခြင်း

ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့၊ရွာမရပ်နေ အဘ ဦးအေးငွေ [၁၄/ကခန(နိုင်)၀၆၆၇၁၅]၏သမီး မရွှန်းလဲ့ဝေ [၁၄/ကခန(နိုင်)၀၈၂၉၆၁]အား မဇူလိုင်မြင့်မိုရ် ဟုပြောင်းလဲခေါ်ပါရန်။ **မဇူလိုင်မြင့်မိုရ်။**

ဦးအောင်ဟိန်းကျော်
Aug: 3/7
အင်္ဂလိပ်စကားပြော
အင်္ဂလိပ်စာရေးနည်း

ကျေးဇူးဆပ်ပါမည်

တိုက်အမှတ်(၅၀၂-၅၀၃)၊ အခန်းအမှတ်(၃၀၄)၏ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန် ဦးတင့်ဝေ ဖုန်း-၅၆၆၅၈၁၊ ၅၇၉၈၁၉။**

တိုက်ခန်း ဝယ်လိုသည်
အသင့်နေထိုင်ရန်၊
၂မှ၅ထပ်ထိ၊ လမ်းမတော်၊
လသာမြို့နယ်
Ph-728099နေ့စဉ်9a.m.-4p.m.

ရဲယိုသီး ဝယ်သည်။
ဖုန်း-၆၆၆၄၇၂။

အာလိမ္မာ
GCE
IELTS.SAT(LII)

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

အလုံမြို့နယ်၊ ကျောင်းလမ်း၊ အမှတ်-၄၁ နေ ဒေါ်နီနီခိုင် မှတ်ပုံတင်အမှတ် [၁၂/အလန(နိုင်) ၀၁၈၁၃၁]က အလုံမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၂၃/၂၊ မြေကွက်အမှတ်-၁၃၃ မြေအမည်ပေါက် ဦးစိန်လှိုင်နှင့် ဒေါ်သန်းရင် အမည်ရှိ နှစ်(၉၀)မြေငှားဂရန်မြေအား အမည်ပြောင်းခွင့်ပြုပါရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန။

သီချင်းချစ်သူ
ဂျပန်သံဝင်၍ မြန်မာသီချင်းများ
Live Show
ဇော်ဝင်းထွဋ် ၊ ချစ်ကောင်း ၊ စည်သူလွင် ၊ ဂရေဟမ် ၊ အဲလက်စ်
R ဇာနည် ၊ ဘရိတ်ကီ ၊ KURAMOTO ၊ ကိုကိုအောင်
တင့်တင့်ထွန်း ၊ ချောစုခင် ၊ ဆုန်သင်းပါရ် ၊ ရှင်ဖုန်း
EMPEROR & EMPEROR WORK STATION
TAPE, CD ထွက်ပြီ

ဗိုလ်ဆွန်ပက်(အောက်လမ်း) ဆွမ်းလောင်းအသင်း တနင်္ဂနွေနေ့တိုင်း ဆွမ်းလောင်းမည်

ရန်ကုန် ဩဂုတ် ၃

ဗိုလ်ဆွန်ပက်(အောက်လမ်း) ဆွမ်းလောင်းအသင်း၏ (၃၂)ကြိမ်မြောက် ဝါတွင်း တနင်္ဂနွေ နေ့တိုင်း အရဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူကြမည်ဖြစ်ရာ စာသင်တိုက်ကြီးများအနေဖြင့် စနေနေ့ ညနေတွင် ဆွမ်းဟင်းချိုင့်များကို ကြိုတင်ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ငမိုးရိပ်ရေလှောင်တမံ ရေသိုလှောင်ထားမှုနှင့် ပရဆေးဥယျာဉ်စိုက်ခင်းများ ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံအနီး၌ ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများအလိုက် စိုက်ပျိုးပြုစု ထိန်းသိမ်းထားသော မြန်မာ့ဆေးဝါးပင်များ၊ စိုက်ခင်းဧက ၃၀ တွင် စိုက်ပျိုးထားသည့် ပရဆေးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ဝန်ကြီးသည် ငမိုးရိပ်ရေလှောင်တမံ အောက်ဘက်တွင် တည်ထောင်စိုက်ပျိုးပြီး မြန်မာ့ဆေးဝါး ပရဆေးပင် ဧက ၃၀ စိုက်ခင်းနှင့် ငမိုးရိပ်ရေလှောင်တမံ ရေဝပ်ဧရိယာအတွင်းရှိ ကျွန်းငါးကျွန်းပေါ်၌ တစ်ဆက်တစ်စပ်တည်း တည်ထောင်စိုက်ပျိုးမည့် ပရဆေးစိုက်ခင်းဧက ၆၀ စိုက်ပျိုးမည့် လုပ်ငန်းကို ဒီဇိုင်းပုံစံများဖြင့် ကြည့်ရှုစစ်ဆေးပြီး ယခုမိုးရာသီအတွင်း အပင်မျိုးရင်း အုပ်စုအလိုက် စုစည်းစိုက်ပျိုးရေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး အသုံးမပြုသည့် ဩဂဲနစ် ပရဆေးဝါးဥယျာဉ် စိုက်ခင်းအဖြစ် တည်ထောင်ပြုစုရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ငမိုးရိပ်ရေလှောင်တမံ အောက်ဘက်တွင် တည်ထောင်စိုက်ပျိုးပြီး ဌာနအလိုက် စိုက်ခင်းများမှ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ပရဆေးစိုက်ခင်းတွင် ပြည်နယ်နှင့် တိုင်းအနှံ့မှ ရှာဖွေစုဆောင်းထားသော ရှားပါးမြန်မာ့ဆေးဝါးပင်များ စိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ငမိုးရိပ်ရေလှောင်တမံ၏ ရေသိုလှောင်ထိန်းသိမ်းထားမှုနှင့် ပင်မတမံ၊ ရေထိန်းမျှော်စင် ကြံ့ခိုင်မှုလုပ်ငန်းတို့ကိုလည်းကောင်း၊ ရေပိုလွှဲတွင် ရေပိုမိုသိုလှောင်နိုင်ရန် သုံးပေရှပ်တာ တပ်ဆင်ပြီးစီးမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် အင်ဂျင်နီယာများက ငမိုးရိပ်ရေလှောင်တမံ၏ ကန်ရေပြည့်ရေသိုလှောင်နိုင်မှု၊ ဧကပေတစ်သိန်းရှစ်သောင်း သိုလှောင်ခဲ့ရာမှ ယခုအခါ ရေပိုလွှဲတွင် သုံးပေရှပ်တာ တပ်ဆင်ပြီးသဖြင့် ရေဧကပေနှစ်သောင်း ပိုမိုသိုလှောင်ကာ စုစုပေါင်း ရေလှောင်တမံအတွင်း ရေဧကပေ နှစ်သိန်းအထိ သိုလှောင်နိုင်မှုကို ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာရိပ်သာ ဝါတွင်းတရားစခန်းပွဲများ

ရန်ကုန် ဩဂုတ် ၃

သာကေတမြို့နယ် (၇)ရပ်ကွက် အောင်စကြာမိုးကုတ်ဝိပဿနာရိပ်သာကြီး၌ ဝါတွင်းတရားစခန်းပွဲများ ကျင်းပသွားမည်ဖြစ်ရာ ဒုတိယဝါဆိုလပြည့်ကျော် ၆ရက်မှ ၁၅ရက်အထိ ဦးသုမနာစာရ(မြောက်ဥက္ကလာပ)၊ ဝါခေါင်လဆန်း ၆ရက်မှ ၁၅ရက်အထိ ဦးကုဏ္ဍလ(သဃ်န်းကျွန်း)၊ ဝါခေါင်လပြည့်ကျော်၅ရက်မှ ၁၄ရက်အထိ ဦးဩဘာသ(လေးထောင့်ကန်)၊ တော်သလင်းလဆန်း ၆ရက်မှ ၁၅ရက်အထိ ဦးသုဇာတ(စမ်းချောင်း)၊ တော်သလင်းလပြည့်ကျော် ၆ရက်မှ ၁၅ရက်အထိ ဦးဝိစိတ္တ(မရမ်းကုန်း)၊ သီတင်းကျွတ်လဆန်း ၆ရက်မှ ၁၅ရက်အထိ ဦးစန္ဒာသိရီနှင့် ဆရာဦးဆန်းတင့်တို့က ဟောကြားသွားမည်ဖြစ်ပါ၍ ယောဂီများ တရားဝင်ရောက်အားထုတ်နိုင်ကြောင်း သိရသည်။

(က-ဆ)

ဘတ်စကက်ဘော ဒိုင်လူကြီး သင်တန်းဆင်း ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်မှာကြား

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဩဂုတ် ၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)သင်တန်းခန်းမ၌ ကျင်းပသော F.I.B.A- Asia Referee's Clinic 2004, Jointly Conducted Ministry Of Sports F.I.B.A-Asia And MBF တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ဘတ်စကက် ဘော ဒိုင်လူကြီးသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

တက်ရောက်

ဘတ်စကက်ဘော ဒိုင်လူကြီးသင်တန်းဆင်းပွဲ အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်၊ အထွေထွေ အတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (ကြေးမုံ)

စဥ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ဇွန် ၅ ရက်က စဥ့်ကူးမြို့နယ် စည်ပင်သာယာပန်းခြံအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ပန်းအလှပင်များ၊ အရိပ်ရပင်များ သပ်ရပ်သာယာလှပအောင် ပြုပြင်ခြင်းတို့အား အမှုဆောင်အရာရှိ ဦးတင်အောင်သန်း၊ ဒု-ဦးစီးမှူး ဒေါ်ခင်မျိုးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်း တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (က-ပ)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် နဝမအကြိမ်မြောက် နှစ်ပတ်လည် စည်းဝေး

ရန်ကုန် ဩဂုတ် ၃

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ နဝမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ အဆိုပါ ဘဏ်ရုံးခန်းမ၌ ကျင်းပရာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အဖွဲ့ဝင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဘဏ်ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း အသင်းဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘဏ်အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်က ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

အတည်ပြု

ထို့နောက် ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ချစ်က မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့၏ ၂၀၀၃-၂၀၀၄ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ယူသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးစာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ယူသည်။

ရွေးချယ်တင်မြှောက်

ထို့နောက် ၂၀၀၄-၂၀၀၅ ခုနှစ် အတွက် ဒါရိုက်တာအဖွဲ့ဝင်သစ်များကို ရွေးချယ်တင်မြှောက်ကြပြီး ၎င်းတို့၏ အမည်စာရင်းကို ကြေညာသည်။

ပေးအပ်

ထို့နောက် ၂၀၀၄-၂၀၀၅ ခုနှစ် အတွက် စာရင်းစစ်အဖွဲ့ကို ရွေးချယ်တာဝန်ပေးအပ်ပြီး ဘဏ်၏ အကြံပေးပုဂ္ဂိုလ်များအား ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အမှာစကားပြောကြား

ထို့နောက် သဘာပတိ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထုတ်ပေးမည်

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် အစုရှယ်ယာများအပေါ် အမြတ်ငွေများကို ဩဂုတ် ၂ ရက်မှ စတင်၍ အဆိုပါ ဘဏ်၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ နဝမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန် ဩဂုတ် ၃

အင်းစိန်မြို့နယ် ရွာမအနောက် ဘုရင့်နောင်လမ်း ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် (၁၁)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် ကျောင်းတိုက် ပဓာန နာယက ကမ္မဋ္ဌာနာစရိယ မိုးကုတ် နယ်လှည့် ဓမ္မကထိက ဆရာတော်ဘဒ္ဒန္တ မာလာစာရ(ဓမ္မာစရိယ)က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ ဖုန်း-၆၄၀၂၆၇ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်

ပြင်ဦးလွင် ဇူလိုင် ၂၅

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး ပရိဝုဏ် ဗောဓိရတနာ ဥယျာဉ်တံခါးကြီးနှစ်ပေါက် သံပန်းတံခါးတပ်ဆင်ရန်နှင့် မဟာအံ့ထူးကံသာစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ကွယ်လွန်သူ ဦးထွန်းရှင်အားရည်စူး၍ ဇနီး ဒေါ်တင်မေ၊ သား ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း (မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်) မိသားစုတို့က အလှူငွေ ကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၅ရက်က မဟာအံ့ထူးကံသာဘုရားကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘုရားကြီး ဦးစီးကော်မတီဥက္ကဋ္ဌ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က အလှူတော်ငွေ လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်မိသားစုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဘုရားကြီးပုံတော်နှင့် သမိုင်းစာအုပ်များ ပြန်လည်ချီးမြှင့်ခဲ့သည်။

လှူဒါန်းနိုင်

ဘုရားကြီး ဂန္ဓကုဋိတိုက် စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်နေပြီဖြစ်သဖြင့် ၉ လက်မ x ၉ လက်မ ကြေးပြားခံ ရွှေသင်္ကန်းတစ်ချပ်လျှင် ကျပ် ၉၀၀၀ နှုန်းဖြင့် ဆက်သွယ်လှူဒါန်းနိုင်သည်။ (၄၂၁)

ဇူလိုင် ၂၄ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ သကျမုနိ မိုးကောင်းဘုရား ရှေ့မျက်နှာစာတွင် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်း၊ ပေါင်းမြက်၊ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် လမ်းဘေး ရေထွက်ပေါက်များအား အဖွဲ့ပိုင် စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ ဦးအောင်ကြိုင်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းဆောင်သစ် လွှဲပြောင်းလှူဒါန်း

ကျောက်ပန်းတောင်း ဇူလိုင် ၂၅

ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ်(အောင်ပြည့်ချမ်းသာ) ပရိယတ္တိစာသင်တိုက်၌ မိတ္ထီလာမြို့ မကျီးကုန်းရပ်နေ အဖ ဦးမြသောင်း၊ အမိ(ဒေါ်ညိုတင်)ကို အမှူးထား၍ ဦးရဲကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စုတို့ လှူဒါန်းသော မဏိဇောတ နှစ်ထပ်တိုက်ကျောင်း ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်က ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အောင်မင်္ဂလာသိဒ္ဓိ စာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တဓမ္မသာမိထံမှ ကိုးပါးသီလခံယူကြပြီး အနုမောဒနာတရားတော်များ နာယူပြီး နှစ်ထပ်တိုက်ကျောင်းဆောင်သစ်ကို အောင်ပြည့်ချမ်းသာ နာယကဆရာတော်ကြီးထံ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။ **(၁၉၂)**

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချို၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်ဝန်ထမ်းများက ဇူလိုင် ၁၀ ရက်တွင် ချမ်းသာကြီးဘုရား-မင်းဘုရားတောင်၊ မင်းတံတား-ရေပူ လမ်းဘေး ဝဲ/ယာ၊ ဒေါ်နန်းကြည့်တောင်လမ်း၊ ပင့်ကူတောင်လမ်းဘေး ဝဲ/ယာတို့တွင် ပန်းအလှပင် ၁၆၃၀ စိုက်ပျိုးကြစဉ်။ (က-ပ)

သွေးလွန်တုပ်ကွေး ပညာပေးဟောပြော

ပေါင် ဇူလိုင် ၂၈

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အဆင့် သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုကို ဇူလိုင် ၁၇ရက်က မိုးနိုင်းရပ်ကွက် မူလတန်းကျောင်းတွင် ကျင်းပသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ထွန်းမြင့်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ရောဂါလက္ခဏာများကို ရှင်းလင်းဟောပြောဆွေးနွေးသည်။

ယင်းနောက် မိခင်နှင့်ကလေး ဆရာဝန် ဒေါက်တာ ဒေါ်အေးအေးငြိမ်းက ကုသရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ဟောပြောပွဲအပြီးတွင် အဖွဲ့သုံးဖွဲ့ခွဲကာ ပိုးလောက်လမ်းနှိမ်နင်းရေး ဖုံး-သွန်-လဲ-စစ် လုပ်ငန်းများကို တစ်အိမ်တက်ဆင်းကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျောက်ချောခင်း

ဇူလိုင် ၆ ရက်က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ငပုတော မြို့ ငရွှေဝါလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဦးသူရလွင်တို့က ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြင်းခြံမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၃၁ ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ ယာဉ်၊ ယန္တရားများအသုံးပြု၍ လမ်းသစ်လမ်းဘေး ရေဆိုးထုတ်ရေးမြောင်းများအတွင်းမှ အမှိုက်များ၊ မြေကြီးများ ဆယ်တင်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မိုးနဲ ဇူလိုင် ၂၄

မိုးနဲမြို့နယ် နမ့်မော်ဆွမ့်ကျေးရွာ ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၃၀ ရက်က ကျေးရွာ စိန်တောင်ကျောင်းတိုက် စာကြည့်ဆောင်၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ဆက်ဦးစီးမှူး ဦးအောင်သာနှင့် ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌ ဦးအုန်းကျော်နှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာ့အလင်းစာကြည့်တိုက်ကို စိန်တောင်ကျောင်း ဆရာတော် ဦးဝိမလက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်း ခင်းကျင်းပြသကာ ကျေးရွာဥက္ကဋ္ဌအား ဌာနမှ လှူဒါန်းသည့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များနှင့် ပညာပေး လက်ကမ်းစာစောင်၊ ပိုစတာများကို စာထောက် (၃) ဒေါ်နန်းရွှေကြည်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

လှည်းကူးမြို့ သာယာလှပရေး ဆောင်ရွက်

လှည်းကူး ဇူလိုင် ၂၃

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက်က ဒရယ်ဘိုကျေးရွာ ပတ်ဝန်းကျင် ရန်ကုန်-မန္တလေး လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ အရိပ်ရပင် အကိုင်းအခက်များ သပ်ရပ်အောင် ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများအား စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် ဦးစီးအရာရှိ ဒေါ်ခင်အေးမြင့်ရီတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်မြို့တွင် စိုက်ပျိုးနည်းနှင့် ပျိုးထောင်နည်း ပြသ

ပြည် ဇူလိုင် ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကြီးကြပ်စီစဉ်ဆောင်ရွက်မှုဖြင့် ပြည်မြို့ လေးမိုင်အကွာ ပြည်-အောင်လံလမ်း ဇီးအုပ်ကျေးရွာ သစ်သီးဝလံပြခန်း နဂါးမောက် စိုက်ပျိုးရေးဥယျာဉ်ခြံတွင် အောင်မြင်ဖြစ်ထွန်းနေသော သီးနှံသစ်တစ်မျိုးဖြစ်သည့် နဂါးမောက်သီးများကို ဥယျာဉ်ခြံ စိုက်ပျိုးသူ ဝါသနာရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား နဂါးမောက်သီး စိုက်ပျိုးနည်းနှင့် ပြုစုပျိုးထောင်နည်းများကို ဇူလိုင် ၂၄ ရက်မှ ဇူလိုင် ၃၀ ရက်အထိ ပြသခဲ့သည်။

အဆိုပါ ဥယျာဉ်ခြံတွင် စပျစ်၊ နဂါးမောက်သီး၊ နှင်းသီး၊ ခွံပါးလိမ္မော်၊ စိန်တလုံးသရက်နှင့် မြကျောက် သရက်ပင်များကို နေ့စဉ် ရောင်းချပေးလျက်ရှိပြီး နဂါးမောက် သီးနှံများသည် ဇူလိုင်လမှစ၍အသီးအပွင့်များ သီးလျက်ရှိသည်။

ထို့ပြင် လာရောက်လေ့လာကြသူများအား ဇီးအုပ်ကျေးရွာ သစ်သီးဝလံပြခန်း၊ နဂါးမောက်စိုက်ပျိုးရေး ဥယျာဉ်ခြံမှ ခြံမန်နေဂျာ ဦးထွန်းနိုင်နှင့် သီးနှံတာဝန်ခံ ဒေါ်သိန်းသိန်းမြင့်တို့က သီးနှံသစ်တစ်မျိုးဖြစ်သည့် နဂါးမောက်စိုက်ပျိုးနည်းစနစ်နှင့် ပြုစုစောင့်ရှောက်နည်းများကို ရှင်းလင်းပြသခဲ့သည်။ **(၄၉၇)**

ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေးအတွက် ဇူလိုင် ၂၃ ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ Water Jet စက်ဖြင့် ကျိုက်အင်းကျေးရွာတွင် ရေတွင်းတူးဖော်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဘိုကလေးမြို့ပေါ်ရှိ သောက်သုံးရေကန်များ သန့်ရှင်းသော သောက်သုံးရေကန် ဖြစ်ပေါ်လာစေရေးအတွက် ဇူလိုင် ၂၀ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ လူမှုရေးအသင်းအဖွဲ့များနှင့်မြို့နယ်လူထု၊ ကျေးရွာပြည်သူများက ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သပြေအိုင်ကျေးရွာ စက်ရေတွင်းတူးဖော်

ညောင်ဦး ဇူလိုင် ၃၀

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံချက်အရ ညောင်ဦး(ပုဂံ)မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် သပြေအိုင်ကျေးရွာ၌ အချင်းလေးလက်မ စက်ရေတွင်း(တွင်းနက်)ကို ဇူလိုင် ၇ ရက်က စတင်တူးဖော်ခဲ့သည်။

ထိုသို့ တူးဖော်နိုင်ရန်အတွက် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းတို့က မြေနေရာရွေးချယ် ပန္နက်ရိုက်ပေးခဲ့ပြီး စက်ရေတွင်းကို တူးဖော်ပေးခဲ့ရာ ဇူလိုင် ၂၀ ရက်က အနက်ပေ ၇၁၀ တွင် ရေရရှိပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးရွာချင်းဆက် လမ်းများဖောက်လုပ်

ကျောက်ကြီး ဇူလိုင် ၃၁

